# ရတနာပုံ နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၈၈)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ ၁၈-၉-၂၀၂၄၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါးစည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ်။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးကျင်းပပြုလုပ်

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများကို ထောက်ပံ့မှုများဆောင်ရွက်ပေးသွားရန်လို

နေပြည်တော် စက်တင်ဘာ ၁၇

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေး၍ လိုအပ်သည်များ မှာကြားသည်။

စာမျက်နှာ ၃ သို့ ○

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

## ယနေ့ ဖတ်စရာ အညွှန်း


ဒီဂျန်လိုဗရန်အား PAOK အသင်းခေါ်ယူ — စာမျက်နှာ ၁၁

အာဆီယံဇီဝမျိုးစုံမျိုးကွဲ ဓာတ်ပုံပြိုင်ပွဲ မြန်မာက နှစ်ဆုရရှိ — စာမျက်နှာ ၁၈



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၂ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ် ၊ စက်တင်ဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးအစီအစဉ်များကို ဆွဲဆောင်နိုင်မည်

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေအစီအစဉ်(MKCF)အရ မဲခေါင်ရပ်ရှင်ပွဲတော်(၂၀၂၄)(ရိုးရာအားကစားနှင့် ရိုးရာအစားအစာ)မှတ်တမ်းရုပ်ရှင် လူငယ်အနုပညာရှင်များ လေ့ကျင့်ပျိုးထောင်ပေးခြင်းအစီအစဉ်အတွက် အကြိုအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။

မှတ်တမ်းရုပ်ရှင် လူငယ်အနုပညာရှင်များ လေ့ကျင့်ပျိုးထောင်ပေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနိုင်ငံတို့တွင် ကျင်းပနိုင်ရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ရိုးရာအားကစား၊ ရိုးရာအစားအစာများမှတစ်ဆင့် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကို ဆွဲဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးက နားလည်၊ နှစ်သက်၊ ခံစားမိပြီး အချင်းချင်းအပြန်အလှန် လေးစားတန်ဖိုးထားတတ်မှုများ မြင့်တက်လာစေမည်ဖြစ်ကြောင်း၊ မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုများကို အတူတကွနားလည်မှုဝေခံစားတတ်ခြင်းသည် လူ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံချင်းပေါင်းစည်း ဆက်နွှယ်စေနိုင်သည့် သံခင်းတမန်ခင်းတစ်ရပ်လည်းဖြစ်ကြောင်း။ မတူညီသော နိုင်ငံတစ်နိုင်ငံက ရိုးရာအားကစားနည်းတစ်ခု၊ ရိုးရာအစားအစာတစ်ခုကို ပါဝင်ကစားကြည့်၊ မြည်းစမ်းကြည့်သည့်အခါ ဆန်းသစ်သည့် အတွေ့အကြုံ၊ အရသာနှင့်အတူ စိတ်ဝမ်းကြည်နူးစေရုံသာမက အားကစားနည်းတစ်ခုချင်းစီ၊ အစားအစာတစ်ခုချင်းစီတွင် ပါဝင်သည့် အမွေအနှစ်၊ ဓလေ့ယဉ်ကျေးမှုများကိုပါ နားလည်ယုံကြည် သွားစေနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံက စက်တင်ဘာ ၁၆ ရက် နံနက် ပိုင်းတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel, Pyay Conference Room ၌ ကျင်းပသည့် မှတ်တမ်းရုပ်ရှင် လူငယ်အနုပညာရှင်များ လေ့ကျင့်ပျိုးထောင်ပေးခြင်း အကြို အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ စီမံကိန်းအကြံပေးပညာရှင်များက မှတ်တမ်းရုပ်ရှင်လူငယ်အနုပညာရှင်များ လေ့ကျင့်ပျိုးထောင်ပေးခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ မဲခေါင်ရုပ်ရှင်ပွဲတော်မှတစ်ဆင့် မဲခေါင်-ကိုရီးယား အဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဆိုင်ရာ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးကို အကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ပြုနိုင်မည်ဖြစ်ပြီး ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးအစီ အစဉ်များကိုပါ ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး မြို့နယ်အဆင့်စာရင်းစစ် စာရင်းကောက်သင်တန်း ဖွင့်လှစ်



**မန္တလေး စက်တင်ဘာ ၁၇**

ချမ်းအေးသာစံမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် မြို့နယ်အဆင့် စာရင်းစစ် စာရင်းကောက်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးပညာရေးဒီဂရီကောလိပ်တွင် ကျင်းပသည်။

(ယာပုံ)

အဆိုပါ အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံမင်းသွင်က အဖွင့်အမှာစကား ပြောကြားပြီး ကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဝေလင်းက သန်းခေါင်စာရင်းဆိုင်ရာများကို ရှင်းလင်းပြောကြား၍ တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို အထောက်အကူပြု ပစ္စည်းများ ပေးအပ်သည်။

၎င်းသင်တန်းအား စက်တင်ဘာ ၂၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သန်းခေါင်စာရင်းလုပ်ငန်းစဉ်များ၊ စာရင်းစစ်၊ စာရင်းကောက်များ၏ အခန်းကဏ္ဍနှင့် တာဝန်များ၊ ဥပဒေပြဋ္ဌာန်းချက်များ၊ လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာ မေးခွန်းများနှင့် စာရင်းကောက်ယူမှုဆိုင်ရာများကို သက်ဆိုင်ရာ နည်းပြများက သတ်မှတ်အချိန်စာရင်းအလိုက် စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၁၂၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(၀၇၂)

# တံတားဦးမြို့နယ် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး)၏ (၆၀)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၁၇**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၆၀)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ (မန္တလေး)မှ ရဲတပ်ဖွဲ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုတို့၏ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့ နံနက် ၈ နာရီခွဲက တံတားဦးမြို့ ပြည်သူ့ဆေးရုံရှိ သံဃာဆေးကုသဆောင်၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ (မန္တလေး)မှ ရဲမှူးကြီး ထွန်းမြတ်ကျော်က အမှာစကားပြောကြားပြီး ခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးက သွေးလှူဒါန်းပေးရခြင်း၏ ရည်ရွယ်ချက်ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး)ရဲတပ်ဖွဲ့ဝန်ထမ်းများနှင့် မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်းကြရာ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး) ရဲမှူးကြီးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေကြသည့် တပ်ဖွဲ့ဝင် (၁၆)ဦးအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုသို့ သွေးလှူဒါန်းခြင်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တံတားဦးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည့် အမှန်တကယ်သွေးလိုအပ်နေသော ဝေဒနာရှင်များအတွက် အလှူတစ်ရပ်အနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် (၁၆)ဦးမှ စုပေါင်းသွေးလှူဒါန်းပေးကြောင်း၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းခြင်းသည် သွေးအတွက် လိုအပ်သည့် ပြည်သူများ၏ အသက်ကို ကယ်တင်ပေးခြင်းဖြင့် လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ သွေးများမလှူဒါန်းမီအချိန်တွင် သွေးပေါင်ချိန်စစ်ဆေးခြင်း၊ သွေးအမျိုးအစားခွဲခြားပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ သွေးလှူဒါန်းပေးသော တပ်ဖွဲ့ဝင်များအား ကြက်ဥ ငါးလုံး၊ ကွေကာလက်ဖက်ရည်အထုပ်သေးသုံးထုပ်၊ Royal-D တစ်ဘူး၊ ငှက်ပျော တစ်ဖီး၊ နွားနို့ တစ်ဘူးတို့ကို ထောက်ပံ့ပေးကြောင်း လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ (မန္တလေး)မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

ရဲတင့်(ပြန်/ဆက်)

# အိန္ဒိယနိုင်ငံအနောက်ဘက်တွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းမှ အားလျော့သွားကာ မိုးအနည်းငယ်ရွာနိုင်

**မန္တလေး စက်တင်ဘာ ၁၇**

အိန္ဒိယနိုင်ငံအနောက်ဘက်၊ အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများတွင် ဖြစ်ပေါ်နေသည့် အားကောင်းသောမုန်တိုင်းငယ်သည် အနောက်၊ အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး မုန်တိုင်းငယ်အဖြစ် အားလျော့သွားမည်ဖြစ်ကာ မုန်တိုင်းငယ်အရှိန်ကြောင့် ဒေသအချို့တွင် မိုးအနည်းငယ်ရွာသွန်းနိုင်ကြောင်း မိုး/ဇလညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ချက်အရ သိရသည်။

အားကောင်းသော မုန်တိုင်းငယ်အရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးရွာသွန်းနိုင်သကဲ့သို့ တောင်တရုတ်ပင်လယ်တွင် ထပ်မံဖြစ်ပေါ်နေသော မုန်တိုင်းသည်လည်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိသွားမည်ဖြစ်ပြီး ယင်းသက်ရောက်မှုများကြောင့် မိုးရွာသွန်းမှုများဖြစ်ပေါ်နိုင်ကြောင်း မိုး/ဇလပညာရှင်တစ်ဦးက သုံးသပ်သည်။

"မိုးရွာသွန်းမှုဖြစ်စေတဲ့ အနောက်တောင် မုတ်သုံလေက စက်တင်ဘာ ၁၇ ရက်၊ ၁၈ ရက်များတွင် မြန်မာနိုင်ငံမြောက်ပိုင်းကနေ ဆုတ်ခွာတော့မယ်။ စက်တင်ဘာ ၁၇ ရက်နေ့မှာ ဖိလစ်ပိုင်အနီး မုန်တိုင်းငယ်တစ်ခု ဖြစ်ထွန်းရာက ကုန်းတွင်းဖက်ဝင်ရောက်ပျက်ပြယ်သွားမယ်။ အဲ့ဒီသက်ရောက်မှုကြောင့် အချို့ဒေသတွေမှာ မိုးအနည်းငယ်ရွာနိုင်တယ်"ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်နေ့အတွင်း ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ စသည့် တိုင်းဒေသကြီးများနှင့် တနင်္သာရီ၊ မွန်၊ ကရင်ပြည်နယ်တို့တွင် မိုးအနည်းငယ်မှ အသင့်အတင့် ရွာသွန်းနိုင်ကြောင်း ဆက်လက်ပြောကြားသည်။

အိန္ဒိယနိုင်ငံ အနောက်ဘက် ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်ကြောင့် လာမည့် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ၊ ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်ကြောင်း၊ မုန်တိုင်းငယ်အရှိန်ကြောင့် ဒေသအချို့တွင် မိုးအနည်းငယ်ရွာသွန်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဇ)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

**❖ သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍ မရသော်လည်း တတ်နိုင်သမျှထိခိုက်မှုလျော့နည်းအောင်နှင့် အမြန်ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်**

**❖ ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံအလယ်ပိုင်း၌ ကာလတစ်လျှောက် ထိခိုက်မှု အကြီးမားဆုံးဖြစ်နိုင်ကြောင်း၊ သင်ခန်းစာရယူရမည်များနှင့် ပြင်ဆင်ရမည်များ များစွာရှိ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွေးနွေးတင်ပြစဉ်။

○ ရှေ့ဖုံးမှ

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လိုအပ်သည်များညှိနှိုင်းဆွေးနွေးနိုင်ရန် အစည်းအဝေးခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းတိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရှမ်းပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရာဂီမုန်တိုင်း ဟိုင်နန်ကျွန်းသို့ ဖြတ်ကျော်ချိန်တွင် ပြင်းထန်မှုရှိသည်ကို သတင်းများ အရသိရှိခဲ့ကြောင်း၊ အတွေ့အကြုံများအရ ဗီယက်နမ်နိုင်ငံတွင် မုန်တိုင်းဝင်ပြီး နှစ်ရက်ခန့်အကြာတွင် မိမိတို့နိုင်ငံ၊ ရှမ်းပြည်နယ်အတွင်း၌ ပုံမှန်မိုးရွာသွန်းမှုများ ဖြစ်ပေါ်လေ့ရှိသော်လည်း ယခုအတိုင်းအတာအထိဖြစ်မည်ဟု မမျှော်မှန်းခဲ့ကြကြောင်း၊ စက်တင်ဘာ ၇ ရက်တွင် ရာဂီမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံကို စတင်ဖြတ်ကျော်ခဲ့ပြီး ယင်းအချိန်တွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခုလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းတို့၏ အရှိန်များကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့ရှိ မြို့နယ်အချို့တို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ **သတိပေးထုတ်ပြန်မှုများဆောင်ရွက်ခဲ့သော်လည်း ယခုအတိုင်းအတာအထိ အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းမည်ဟု မှန်းဆမှုမရှိခဲ့ကြကြောင်း၊** မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများ တစ်လျှောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် ဒေသများ၌ လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း ယခုကဲ့သို့ ဆိုးရွားသည့်အခြေအနေ မဖြစ်ပေါ်ခဲ့ဖူးကြောင်း၊ ညအချိန် မိုးရွာသွန်းမှု များပြားပြီး ရုတ်တရက်တောင်ကျရေများ အလုံးအရင်းဖြင့် စီးဆင်းလာခဲ့သဖြင့် ယခုကဲ့သို့ ထိခိုက်မှုများပြားခဲ့ရခြင်းဖြစ်ကြောင်း။

**ဖြစ်စဉ်အပေါ် သုံးသပ်၊ သင်ခန်းစာရယူ၊ ပြင်ဆင်မှုများပြုလုပ်**

**သဘာဝဘေးအန္တရာယ်သည်ရှောင်လွှဲ၍မရသော်လည်း တတ်နိုင်သမျှ ထိခိုက်မှုလျော့နည်းအောင်နှင့် အမြန်ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ကြောင်း၊ ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံအလယ်ပိုင်း၌ ကာလတစ်လျှောက် ထိခိုက်မှု အကြီးမားဆုံး ဖြစ်နိုင်ကြောင်း၊ သင်ခန်းစာရယူရမည်များနှင့် ပြင်ဆင်ရမည်များ များစွာရှိကြောင်း၊** သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ခန့်မှန်းချက်၊ သတိပေးချက်များကို ထုတ်လွှင့်ရာတွင် ပညာရပ်ဆိုင်ရာအသုံးအနှုန်းများထက် သာမန်ပြည်သူလူထုသတိပြု နားလည်နိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ပြန်မှုများ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် လွယ်ကူရှင်းလင်းစွာဖြင့် နားလည်သိရှိလိုက်နာနိုင်အောင် ထုတ်ပြန် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ထုတ်ပြန်မှသာလျှင် ပြည်သူများအနေဖြင့် ရှင်းလင်းစွာသိရှိပြီး အလေးထားလိုက်နာနိုင်မည်ဖြစ်ကြောင်း၊ **ယခုနှစ်မိုးရာသီကာလအတွင်း မိမိတို့နိုင်ငံတွင် မိုးဦး၊ မိုးလယ်၊ မိုးနှောင်းအားလုံးတို့၌ မိုးများ များပြားစွာ ရွာသွန်းခဲ့သည်ကို တွေ့ရှိရပြီး ထိုသို့ရွာသွန်းမှုများကြောင့် မြေသားများမှာ စိုထိုင်းဆ များပြားလျက်ရှိပြီး မြေများကျစ်လျစ်မှုအားနည်းသည့်အချိန်ဖြစ်ကြောင်း၊ ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လျှပ်တစ်ပြက်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ချိန်တွင် ယခင်ပျော့နေသည့် မြေသားများမှာ ပြိုကျမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊**

ယမန်နေ့က ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့စဉ် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှု၏ ရေစီးဆင်းရာအစဖြစ်သည့် ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်တောင်ကုန်းတောင်တန်းများပေါ်မှ ရေများစီးဆင်းတိုက်စားခဲ့မှုကြောင့် တောင်ပြို၊ မြေပြိုမှုများဖြစ်ပေါ်နေမှု၊ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့မှုကြောင့် ရေတိုက်စားရာလမ်းကြောင်းကြီးများဖြစ်ပေါ်နေမှုနှင့် ရေပြန်လည်ကျဆင်းသွားပြီးနောက် သဲနုန်းများ၊ အပျက်အစီးများ ဖြစ်ပေါ်ကျန်ရှိနေမှု၊ စိုက်ခင်း အများအပြားပျက်စီးခဲ့မှုနှင့် ရေစီးဆင်းရာလမ်းကြောင်းနှင့် နီးစပ်သည့် အချို့သောကျေးရွာများ ရေဖုံးလွှမ်းခဲ့မှုဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို စိတ်မကောင်းဖြစ်ဖွယ် တွေ့မြင်ခဲ့ရကြောင်း။

ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုနှင့် ဆက်စပ်၍ သစ်ထုတ်လုပ်မှုများနှင့် ပတ်သက်၍လည်း တရားဝင်ခွင့်ပြုပေးထားသည့် သစ်ကွင်းများမှ သယ်ယူနိုင်ခြင်းမရှိသေးသည့် သစ်လုံးကြီးများ၊ သစ်လုံးကြီးများ ထုတ်ယူရာတွင် ဖြတ်တောက်ထားသည့် ဖြတ်စများသည်လည်း တောင်ကျရေစီးကြောင်းများနှင့် အတူ မျောပါတိုက်စားခဲ့ပြီး ထိခိုက်ပျက်စီးမှု ပိုမိုများပြားခဲ့ရခြင်းဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ရာသီဥတုနှင့် ပတ်သက်၍ မျှော်မှန်းထားသည်ထက် ပိုမိုအချိန်တို လျင်မြန်စွာဖြစ်ပွားခဲ့ခြင်းကြောင့်လည်း ထိခိုက်ပျက်စီးမှုများ ပိုမိုများပြားခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ဆည်မြောင်းနှင့် လမ်း၊ တံတားဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြံ့ခိုင်မှုအပိုင်းနှင့်ပတ်သက်၍ စနစ်တကျ တွက်ချက် ဆောင်ရွက်ရန်လိုကြောင်း၊ ယခုကဲ့သို့ မိုးအဆက်မပြတ်ရွာသွန်းပြီး **ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ချိန်တွင် တံတားများ ထိခိုက်ပျက်စီးခဲ့မှုအပေါ် သင်ခန်းစာယူ၍ တံတားများတည်ဆောက်ရာတွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးအတွက် စနစ်တကျ ထည့်သွင်းတွက်ချက်သွားရန်လိုကြောင်း၊** ယခင်က ကုန်ကျစရိတ်သက်သာစေရန် တံတားအရှည်နှင့်ခန်းဖွဲ့အားလျှော့၍ ချဉ်းကပ်လမ်းအား တိုးမြှင့်ထားမှုများကို ပြန်လည်စစ်ဆေး သုံးသပ်ရန်လိုကြောင်း၊ ထို့ပြင် တံတားနေရာများသို့ ရေဝင်ရောက်ရာလမ်းကြောင်းနှင့်ရေထွက်ရာလမ်းကြောင်းနေရာများ၌ ရေစီးဆင်းမှု ကောင်းမွန်စေရေး ချောင်းဖြောင့်ခြင်းလုပ်ငန်း အပါအဝင် အခြားလိုအပ်သည်များ ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆည်/မြောင်းများနှင့်ပတ်သက်၍လည်း ဆည်များအတွင်း သဲနုန်းများ ရေစီးကြောင်းအတိုင်း တဖြည်းဖြည်းစီးဆင်းဝင်ရောက်လာပြီး ဆည်များကောခြင်း၊ အောက်ခြေ မျက်နှာပြင်တက်လာခြင်းများကို အမြဲမပြတ်ဖယ်ထုတ် ဆောင်ရွက်နေရန်လိုကြောင်း၊ မြစ်ချောင်းများအတွင်း သဲနုန်းများအနည်ကျမှု များပြားလာခြင်းသည် မြစ်ချောင်း ကြမ်းခင်း(Bed Level) မြင့်တက်လာပြီး ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် သံလွင်မြစ်တို့တွင် ရွှေတူးဖော်ခြင်း၊ ကျောက်တူးဖော်ခြင်းတို့ကြောင့် မြစ်အောက်ပိုင်းများတွင်နုန်းပို့ချမှုများလာကြောင်း၊ ထို့ကြောင့် မြစ်ချောင်းများ တစ်လျှောက်ကိုလည်း အရေးကြီးသည့် အစိတ်အပိုင်းအလိုက် သောင်တူးခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ရွာများ၊ လမ်းကြောင်းများ၌ ရေထွက်စနစ်များ ကောင်းမွန်မှုမရှိခြင်း၊ ရေနုတ်မြောင်းစနစ်များ ကောင်းမွန်မှု မရှိခြင်းကြောင့်လည်း ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ရေထုတ်စနစ်များ ကောင်းမွန်စေရေး ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ **လမ်း၊ တံတား၊ ဆည်၊ မြောင်းများ၏ ရေထွက်စနစ်များကို နှစ်စဉ် စစ်ဆေးပြုပြင်ထိန်းသိမ်းမှု (Maintenance) မပျက်မကွက် ပြုလုပ်ရန်လိုကြောင်း။**

**❖ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများကို ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်လို**

**❖ ရေကြီးရေလျှံမှုများဖြစ်ပေါ်ချိန်၌ လူနေအိမ်များ များစွာဆုံးရှုံးခဲ့သည်ကို တွေ့ရပြီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်သူများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားရမည်**

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများကို ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ချိန်၌ လူနေအိမ်များ များစွာဆုံးရှုံးခဲ့သည်ကိုတွေ့ရပြီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်သူများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊** ရေဘေးဒုက္ခသည်စခန်းများရှိပြည်သူများ စားသောက်ရေးအတွက်လည်း အဆင်ပြေအောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ပြည်သူများ သွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုများ ပြတ်တောက်မှုမရှိစေရေးအတွက် ထိခိုက်ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားရန် လိုကြောင်း၊ ပျက်စီးသွားသည့် တံတားများတွင် ယာယီဘေလီတံတားများကို ဦးစားပေးဆောက်လုပ်သွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရေဘေးရှောင်စရပ်များသို့ ယာယီခေါ်ဆောင်ထားသည့် ပြည်သူများကိုလည်း ၎င်းတို့၏ နေရပ်သို့ ပြန်လည် သွားရောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရေဝင်နစ်မြုပ်ခဲ့သည့် ရပ်ကွက်ကျေးရွာများအတွင်း သန့်ရှင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရန်လိုပြီး မြို့နယ်၊

စာမျက်နှာ ၄ သို့ ○

○ စာမျက်နှာ ၃ မှ

ရပ်ကွက်၊ ကျေးရွာများအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ၎င်းတို့၏ နေရပ်ဒေသအသီးသီး၌ အမြန်ဆုံး ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကြေး၊ စက်ယန္တရားများနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လက်ရှိ နောက်ဆုံးကောက်ယူရရှိထားသည့် စာရင်းများအရ ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၂၆၆ ဦးသေဆုံးခဲ့ပြီး ပျောက်ဆုံးသူ ၇၇ ဦး၊ ရေစီးဖြင့်မျောပါသူ ၁၂ ဦး၊ ဒဏ်ရာရရှိသူ ၆၇ ဦးရှိကြောင်း၊ လူနေအိမ်များပျက်စီးမှုအနေဖြင့် ၁၉၁၅ လုံး လုံးဝပျက်စီးခဲ့ပြီး ၂၀၁ လုံးမှာ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ကြောင်း၊ ရေဝင်နစ်မြုပ်မှုမှာ ၁၅၈၃၄၃ လုံးဖြစ်ကြောင်း၊ ယာယီဒုက္ခသည်စခန်းများတွင် ၁၆၃၅၇၃ ဦး ရောက်ရှိလျက်ရှိပြီး ဆွေမျိုးများအိမ်တွင် သွားရောက်နေထိုင်သူ ၂၃၆၅၃၅ ဦးရှိကြောင်း၊ သက်ဆိုင်ရာကျေးရွာများအလိုက် ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဆိုပါရေဘေးသင့်ပြည်သူများအတွက် မိမိတို့အနေဖြင့် ထိုက်သင့်သည့်ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အသင့်စားခေါက်ဆွဲများအပါအဝင် အခြားစားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

**ယခုမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်သည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့် သင်ခန်းစာတစ်ခုဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် တိုင်းစစ်ဌာနချုပ်များအားလုံး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။**

### အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြ

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တိုင်ဖွန်းမုန်တိုင်းရာဂီ၏ အရှိန်ကြောင့် မြန်မာနိုင်ငံရှိတိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့မှု၊ မိုးကြီးခြင်း၊ ရေကြီးရေလျှံခြင်း၊ လမ်းတံတားများ၊ တာတမံများထိခိုက်ပျက်စီးခြင်း၊ ကမ်းပြိုခြင်းများဖြစ်ပေါ်ခဲ့မှု၊ မိုးလေဝသအခြေအနေများနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များကို နိုင်ငံတော်ပိုင် အသံလွှင့်ဌာနများနှင့် သတင်းစာများမှ အချိန်နှင့်တစ်ပြေးညီ အများပြည်သူသိရှိနိုင်ရေး ဆောင်ရွက်ပေးခဲ့မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများရှိ ဘေးသင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များဖြင့် ကူညီကယ်ဆယ်ခဲ့မှု၊ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီရောက်ရှိရေးနှင့် ကယ်ရေးစခန်းများဖွင့်လှစ်စောင့်ရှောက်နေမှု၊ ဘေးသင့်ပြည်သူများ စားသောက်ရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ စသည့် စားသောက်ကုန်များ မျှဝေထောက်ပံ့ခဲ့မှု၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ရေကြီးမှုကြောင့် ဖြစ်ပွားတတ်သည့် နောက်ဆက်တွဲရောဂါများ မဖြစ်ပွားစေရေးဆောင်ရွက်နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ၊ နယ်လှည့်ဆေးကုအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထိခိုက်ပျက်စီးခဲ့သည့် လမ်း၊ တံတားများ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်နေမှု၊ ရေကျသွားသည့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဖွဲ့များဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုများအတွက် အရေးပေါ်တုံ့ပြန်ရေးကော်မတီဖွဲ့စည်းထား၍ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု၊ ပြန်လည်ထူထောင်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြို့နယ်အသီးသီးရှိ အများနှင့်သက်ဆိုင်သည့် နေရာများတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ရေကြီးနစ်မြုပ်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပျက်စီးထိခိုက်သေဆုံး ခဲ့မှုနှင့် ရာဂီမုန်တိုင်းအရှိန်ကြောင့် ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးခဲ့မှု၊ ထိခိုက်ပျက်စီးခဲ့သည့်နေရာများသို့ ကယ်ဆယ်ရေးနှင့် အထောက်အကူပြုပစ္စည်းများ၊ ပြန်လည်တည်ဆောက်ရေးပစ္စည်းများ ဖြန့်ခွဲဆောင်ရွက်ထားမှု၊ သဘာဝဘေးဒဏ်ကြောင့် ကျေးလက်လမ်းနှင့် တံတားများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်နေမှု၊ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား ပြန်လည်ကုစားဆောင်ရွက်ပေးရန် လျာထားမှု၊ ရေကြီးနစ်မြုပ်မှုကြောင့် ကျန်းမာရေးကဏ္ဍ ပျက်စီးဆုံးရှုံးမှုနှင့် ရေဘေးသင့်ဒေသများနှင့် ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ရေဘေးသင့်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှု၊ မိုးလေဝသသတင်းများအား ပြည်သူများအချိန်နှင့်တစ်ပြေးညီသိရှိစေနိုင်ရေး ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရေဘေးသင့်ပြည်သူများအား အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ ရေပြန်လည်ကျဆင်းသွားသည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် အကူအညီအထောက်အပံ့များ ပေးအပ်သွားမည့် အစီအမံများ၊ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### ပြည်ထောင်စုဝန်ကြီးများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများက ရေကြီးရေလျှံမှုများကြောင့် မီးရထားလမ်းများနှင့် တံတားများ ပျက်စီးခဲ့မှုအခြေအနေများနှင့် ပြန်လည်ပြင်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ လေကြောင်းခရီးစဉ်များပျံသန်း ပြေးဆွဲလျက်ရှိမှု၊ AHA Center နှင့် အိန္ဒိယနိုင်ငံမှပေးပို့သည့် ထောက်ပံ့ရေးပစ္စည်းများ သယ်ယူရောက်ရှိမှုနှင့် လွှဲပြောင်းပေးအပ်မှု၊ မိုဘိုင်းဆက်သွယ်ရေးတာဝါတိုင်များ ကောင်းမွန်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ရာသီဥတုနှင့်သက်ဆိုင်သည့်သတိပေးချက်များအား သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့်ဒေသရှိ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး Short Message များဖြင့်ပေးပို့၍ ဆောင်ရွက်မည်ဆိုပါက ထိခိုက်မှုများကိုလျှော့ချနိုင်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်းသည့် ရန်ပုံငွေဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာမှ အကူအညီများပေးအပ်မှုနှင့် ထောက်ပံ့ရေးပစ္စည်းများအား လေယာဉ်များ၊ သင်္ဘောများဖြင့် ပေးပို့လျက်ရှိမှုနှင့် ကမ်းလှမ်းလာမှု၊ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဆည်မြောင်းတာတမံများနှင့် ရေကန်များကို ပြန်လည်ပြင်ဆင်နေမှု၊ စိုက်ခင်းများ ပျက်စီးခဲ့သည့် တောင်သူများနှင့်တွေ့ဆုံ၍ ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ လှူဒါန်းမှုများဆောင်ရွက်ခဲ့မှု၊ ရေဘေးသင့်ဒေသများရှိ ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ရေဘေးသင့် ကျောင်းသားကျောင်းသူများအတွက် စာအုပ်စာစောင်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးရန် ဆောင်ရွက်လျက်ရှိမှု၊ တပ်မတော်မှ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့်ဒေသများမှ ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်မှုကို အနှောင့်အယှက် ဖြစ်စေမည့်အရာများကို အမြန်ဆုံးရှင်းလင်းရန် လိုအပ်ကြောင်း၊ အလှူငွေများ လက်ခံရာတွင်လည်း ကော်မတီအနေဖြင့် စနစ်တကျ စီမံခန့်ခွဲရန် လိုအပ်ကြောင်း၊ အစားအသောက်များ လှူဒါန်းမှုကိုလက်ခံရာတွင်လည်း သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များဖြစ်ရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် ပျက်စီးခဲ့သည့် လမ်း၊ တံတားများကို အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ရန် လိုအပ်ကြောင်း၊

စာမျက်နှာ ၅ သို့ ○




သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်စဉ်။

○ စာမျက်နှာ ၄ မှ

မိုးလေဝသသတင်းများကိုလည်း ပြည်သူများ ရှင်းလင်းစွာဖြင့် အချိန်တိုအတွင်း နားလည်မှုလွယ်ကူစေရေး ထုတ်ပြန်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သစ်များထုတ်လုပ်လျက်ရှိသည့် သစ်ဆိပ်များတွင် သစ်များ ခုတ်ယူထားရှိပြီး သယ်ယူရန်ကျန်ရှိနေသည့် သစ်လုံးများမှာ ရေစီးဖြင့်မျောပါလာခဲ့သည့်အတွက် ထိခိုက်မှုများဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့ကြောင့် သစ်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် မိုးမကျမီအချိန်အတွင်း ခုတ်ယူထားသည့် သစ်များကို သစ်ကွင်းများ၌ ကျန်ရှိမှုမရှိစေရေး သတ်မှတ်သစ်ဆိပ်နေရာများသို့ သယ်ဆောင်ထားရန်လိုကြောင်း၊ တရားမဝင် သစ်ထုတ်လုပ်မှုများ မရှိစေရေး ပူးပေါင်းအဖွဲ့များဖြင့် တားမြစ်ရန်လိုအပ်ကြောင်း၊ ရေများကျဆင်းချိန်တွင် ကျောက်ထုတ်စခန်းများမှ ကျောက်များမှာ ရေစီးဖြင့်မျောပါလာခဲ့သည့်အတွက် အန္တရာယ်ရှိကြောင်း၊ သဘာဝဘေး အန္တရာယ်ကို ကြိုတင်တွက်ဆ၍ လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျက်စီးသွားသည့်သီးနှံများ ပြန်လည်စိုက်ပျိုးရာတွင်လည်း စနစ်တကျဖြင့် ပြန်လည်စိုက်ပျိုးသွားရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် စိုက်ပျိုးရေးထောက်ပံ့ငွေများနှင့် စိုက်ပျိုးရေးချေးငွေများ ပေးအပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကုန်စည်စီးဆင်းမှုများ ကောင်းမွန်ချောမွေ့စေရေးအတွက်လည်း မီးရထားလမ်းများ ပြန်လည်ကောင်းမွန်စေရေး ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**❂ ကူညီကယ်ဆယ်ရေးနှင့်ပတ်သက်၍ ပျက်စီးမှု အနည်း၊ အများအလိုက် ဦးစားပေးအဆင့်သတ်မှတ်ပြီး အမြန်ဆုံးပြီးစီးစေရန်နှင့် အချိန်အကြာဆုံး ခြောက်လတာကာလအတွင်း ပြီးစီးစေရေး ဆောင်ရွက်သွားရန်လို**

### မူလအခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် လာမည့်အောက်တိုဘာ ၁ ရက်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကူညီကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအား ၎င်းတို့၏ နေရပ်များတွင် အတတ်နိုင်ဆုံး အမြန်ဆုံးပြန်လည် နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပတ်သက်၍ ပျက်စီးမှုအနည်း၊ အများအလိုက် ဦးစားပေးအဆင့်သတ်မှတ်ပြီး အမြန်ဆုံးပြီးစီးစေရန်နှင့် အချိန်အကြာဆုံး ခြောက်လတာကာလအတွင်း ပြီးစီးစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပိတ်ထားရသည့် ကျောင်းများကိုလည်း အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ပြန်လည်ဖွင့်လှစ်ချိန်တွင် သင်ခန်းစာများ လစ်ဟင်းမှုမရှိစေရေး အချိန်ပိုများ သင်ကြားပေးရန်လိုကြောင်း၊ ကျောင်းပိတ်ရက် အလွန်များပြားသွားမည်ဆိုပါက နွေရာသီတွင် ပြန်လည်သင်ကြားပေးနိုင်ရေး စီမံသွားရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ရနိုင်သမျှ Saving လုပ်သွားရန်လိုကြောင်း၊ ယနေ့ တင်ပြချက်များအား Check List ပြုလုပ်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများကို အမြဲမပြတ်စိစစ်၍ လုပ်ငန်းတိုးတက်မှုများကို တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်သွားရန်နှင့် တင်ပြသွားရန်လိုကြောင်း၊ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရေး အမြဲကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ ရေဘေးဒဏ်သင့်ဒေသများအတွက် အိန္ဒိယနိုင်ငံအစိုးရနှင့် AHA Centre တို့ ပေးပို့သည့် လူသားချင်းစာနာမှုအကူအညီပစ္စည်းများ မြန်မာနိုင်ငံအစိုးရသို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၇**

တောင်တရုတ် ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်း မုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ် ခံစားရသည့်ဒေသများအတွက် အိန္ဒိယနိုင်ငံအစိုးရမှ ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများသည် ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက မြန်မာနိုင်ငံအစိုးရသို့လွှဲပြောင်းပေးအပ်သည်။

လူသားချင်းစာနာထောက်ထားမှုအကူအညီများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




မြန်မာနိုင်ငံ ရေဘေးဒဏ်သင့်ဒေသများအတွက် အိန္ဒိယနိုင်ငံအစိုးရက ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပစဉ်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr. Shri Abhay Thakur က လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အိန္ဒိယလေတပ် သယ်ယူပို့ဆောင်ရေးလေယာဉ် IL-76 ဖြင့် ပေးပို့လာသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများတွင် ခြင်ထောင်အလုံး ၁၀၀၀၊ အသင့်စား အစားအစာထုပ် (MRE) အထုပ် ၃၀၀၀၊ မီးဖိုချောင်သုံးပစ္စည်းအစုံ ၅၀၀၊ ဆိုလာမီးအိမ် ၁၀၀၀ ခန့်၊ မီးစက် နှစ်လုံး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းများ (Hygiene Kits) အစုံ ၄၀၀၀၊ ယာယီတဲ ၁၅ လုံး၊ ရေသန့်စင်ရေးဆိုင်ရာပစ္စည်းများဖြစ်သည့် ကလိုရင်းဆေးပြား၊ ပိုးသတ်ဆေး၊ Bleaching powder နှင့် ဆေးဝါးပစ္စည်းများ စုစုပေါင်း ပစ္စည်းတန်ချိန် ၃၀ ကျော်ပါရှိသည်။



မြန်မာနိုင်ငံ ရေဘေးဒဏ်သင့်ဒေသများအတွက် အိန္ဒိယနိုင်ငံအစိုးရ ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

အလားတူ အစားအစာ၊ အဝတ်အထည်၊ ဆေးဝါး၊ တာပေါ်လင်နှင့် ယာယီတဲများ သယ်ဆောင်လာသော အိန္ဒိယနိုင်ငံရေတပ်မှ စစ်ရေယာဉ်သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ထပ်မံရောက်ရှိမည်ဖြစ်သည်။

ထို့ပြင် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းမှုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management-AHA Centre)က ထောက်ပံ့သည့် အမေရိကန်ဒေါ်လာ ၃၃၇၁၃၄၈ ဒသမ ၉၅ ခန့်မှန်းတန်ဖိုးရှိ မိသားစုသုံးပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မိသားစုသုံး မိုးကာတဲများ၊ တာပေါ်လင်၊ Shelter Repair Kit၊ ရေသန့်စက်များနှင့် အခြား အရေးပေါ်သုံးပစ္စည်းများ ပါဝင်သော စုစုပေါင်းအလေးချိန် ၅၉၃၆၀ ကီလိုဂရမ်ရှိ ပစ္စည်းများကို မြန်မာအမျိုးသား လေကြောင်း (MNA)၊ အပြည်ပြည်ဆိုင်ရာမြန်မာ လေကြောင်း (MAI) တို့ဖြင့် သယ်ဆောင်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဆိုက်ရောက်ခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ရေဘေးဒဏ်သင့်သူများအတွက် အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မည်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး "မူ" ဖြင့် ဆောင်ရွက်လျက်ရှိပြီး ရောက်ရှိလာသော ကယ်ဆယ်ရေး ပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ အမြန်ဆုံး ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

ထိုသို့ ရောက်ရှိလာသည့် ကယ်ဆယ်ရေး ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက စစ်ဆေးလက်ခံခဲ့ပြီး အဆိုပါကယ်ဆယ်ရေး ပစ္စည်းများတွင် မိသားစုသုံးပစ္စည်း၊ တစ်ကိုယ်ရေသုံးပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်း၊ Shelter ပြုပြင်ရေးသုံးပစ္စည်းများ၊ မိသားစုတဲ၊ ရေပုံး၊ တာပေါ်လင်၊ ခြင်ထောင်နှင့် ရေသန့်စက် စသည့်အမျိုးအစား ၁၁ မျိုး ပါဝင်သော ကယ်ဆယ်ရေး ပစ္စည်း ၅၅၆၀ ကီလိုဂရမ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ AHA Centre မှ မြန်မာနိုင်ငံသို့ ပို့ဆောင်လှူဒါန်းသော ကယ်ဆယ်ရေး ပစ္စည်းများကို ရေဘေးဒဏ်သင့် ဒေသများသို့ ဆက်လက် ဖြန့်ခွဲပို့ဆောင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရောက်ရှိလာသောကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများ စစ်ဆေးလက်ခံစဉ်။



အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အာရှဒေသဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) ၏ (၆)ကြိမ်မြောက် ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာ



နေပြည်တော် စက်တင်ဘာ ၁၇

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဥက္ကဋ္ဌ H.E. Mr.Nakharin Mektrairat ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် "The Constitutional Courts and Equivalent Institutions in Strengthening Constitutional Justice for Sustainable Society" ခေါင်းစဉ်ဖြင့် ကျင်းပမည့် အာရှဒေသ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူ အဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions- AACC) ၏ (၆) ကြိမ်မြောက်ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ (၆) ကြိမ်မြောက်ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင် သုံးဦးတို့ လိုက်ပါသွားကြောင်း သိရသည်။

သတင်းစဉ်

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၇

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုများ ဖြစ်ပွားခဲ့ပြီး ချောင်းရေ၊ မြစ်ရေများ မြင့်တက်ကာ မြို့နယ်အချို့ရှိ ရေကြီး ရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ် ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

## ဆောင်ရွက်ပေးလျက်ရှိ

ယနေ့တွင်လည်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ရေများပြန်လည်ကျဆင်းသွားသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အပါအဝင် အခြားမြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နွန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။ ရေဘေးသင့်ပြည်သူများ စားသောက်ရေးအခက်အခဲ မရှိစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို လူသားချင်း စာနာထောက်ထားစွာ အားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထို့အပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပျက်စီးခဲ့သည့် လမ်း/တံတားများကို ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြုပြင်ရန် ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Jin@ Kim Seokjin ၏ စက်တင်ဘာလထုတ် Harper's BAZAAR မဂ္ဂဇင်းနှင့် Cover အဖြစ်ထွက်ရှိလာ

ဘီတီအက်စ်အဖွဲ့ဝင် ဂျင် (ခေါ်)ကင်ဆွတ်ဂျင်သည် စက် တင်ဘာလထုတ် Harper's Bazaar မဂ္ဂဇင်းမျက်နှာဖုံးရှင် အဖြစ် ပွဲဦးထွက်ရှိလာသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။







အဆိုပါ မဂ္ဂဇင်းကာဗာတွင် ဂျင်သည် သမားရိုးကျပုံစံမှ ခွဲထွက်ကာ ဒရမ်၊ စန္ဒရားတူရိယာ အမျိုးမျိုးကို တီးခတ်၍ Rock themed concept ကို ပြသထား၍ ပရိသတ်စိတ်လှုပ်ရှားခဲ့ကြသည်။

အချို့ပရိသတ်များက ရှော်စ စတားဂျင်အဖြစ် တစ်ကိုယ်တော် ဂီတအယ်လ်ဘမ်KSJ 1အတွက် အကြိုဖြစ်လိမ့်မည်ဟု ထင်ကြေးပေးထားကြသည်။

ဂျင်၏ ဖက်ရှင်စတိုင်လ်မှာလည်း ပရိသတ်ကြား ရေပန်းစားနေကာ အဆင်တန်ဆာများနှင့် ဂျင်က ပရိသတ်ကို ပျော်ရွှင်မှုများ ယူဆောင်ပေးလို၍ ပြင်ဆင်ထားသည်ဟု ရင်းနှီးစွာ ပြောကြားထားသည်။ **(SKY)**



## သတိလစ်သွားသောလူ့ ဦးနှောက်ဆဲလ်များအကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များ သုတေသနပြု

အသိစိတ်ကပ်နေချိန်တွင် လူ့ဦးနှောက်အတွင်းရှိ ဆဲလ်များ ပြုမူလှုပ်ရှားနေပုံကို ထောင့်ချီးများအသွင်ဖြင့် ထင်ဟပ်တွေ့မြင်ကြရသည်။

ခွဲစိတ်ကုသမှုအတွက် မေ့ဆေးပေးခံရပြီးနောက် အသိစိတ်ပျောက်သွားချိန်တွင် လူ့ဦးနှောက်ဆဲလ်များ ဆက်လက်အသက်ဝင်လှုပ်ရှားနေသော်လည်း ပြုမူပုံပြောင်းလဲသွားသည်။

ထိုသို့ ပြောင်းလဲသွားသော လူ့ဦးနှောက်ဆဲလ်များအကြောင်းကို အမေရိကန်ပြည်ထောင်စု မီချီဂန်တက္ကသိုလ်မှ မေ့ဆေးသုတေသန လက်ထောက်ပါမောက္ခ ကျီရွှေဟောင်းဦးဆောင်သော အမေရိကန်ဆေးသိပ္ပံပညာရှင်များ မကြာသေးမီက သုတေသနပြုလေ့လာခဲ့သည်။

ထိုသို့လေ့လာရာမှ လူ့ဦးနှောက်အလယ်ပိုင်းရှိ သားလားမတ်စ်နေရာတစ်ဝိုက် အာရုံကြောဆဲလ်များ ပြောင်းလဲသွားပုံကို သိရှိနားလည်ခဲ့ကြောင်း သိရသည်။ **(SCI)**

## Jackie Chan မသန်စွမ်းအိုလံပစ်မီးရှူးတိုင် သယ်ဆောင်ခဲ့

ကမ္ဘာကျော်ဟောင်ကောင်အနုပညာရှင် ဂျက်ကီချန်းသည် ပြင်သစ်နိုင်ငံမြို့တော်၌ မသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားမတိုင်မီ မသန်စွမ်းအိုလံပစ်မီးရှူးတိုင် ကိုင်ဆောင်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ပွဲတော်တွင် ဂျက်ကီချန်း ပါဝင်ခဲ့၍ ပဲရစ်မြို့တွင် စိတ်လှုပ်ရှားမှုဖြစ်ခဲ့ကြကာ



အသက် ၇၀ ကျော် ကမ္ဘာကျော် စတန့်မင်းသားကြီးကို ပြင်သစ်မင်းသမီး အယ်လ်ဆာဇယ်လ်ဘာစတိန်း၊ အကသမား မီလ်လီပီယက်ဒ်၊ ရက်ပ်ပါကျော်ဂျီယိုတိုတို့နှင့်အတူ ပဲရစ်လမ်းမပေါ်တွင် မြင်တွေ့ခဲ့ကြရသည်။

ဂျက်ကီချန်းသည် ပေကျင်းအိုလံပစ်ပြိုင်ပွဲ ၂၀၀၈ ခုနှစ်တွင် ကျန်းဇီယီအပါအဝင် တရုတ်ကျော်ကြားသူများနှင့်အတူ လက်ဆင့်ကမ်းသယ်ခဲ့သူဖြစ်ပြီး သူ၏ Rush Hour 3 မှာ အီဖယ်တာဝါပေါ်မှ မမေ့နိုင်စရာအဖြစ် ပြင်သစ်ပရိသတ်စွဲမြဲနေကြသည်။

ဂျက်ကီချန်းသည် ၂၀၁၂ ခုနှစ် "သက်ရှိမင်းသားတစ်ဦး၏ စတန့်ပြကွက်အများဆုံး"အဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းဝင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ဂုဏ်ထူးဆောင်အော်စကာတစ်သက်တာ အောင်မြင်မှု ရရှိထားသည်။ **(SKY)**



## Wang Yibo နှင့် Wildaid Charity Team ကို ကူညီပေးခဲ့သည့် လမ်းပြခွေးလေး သေဆုံးသွားခဲ့

ဝမ်ရိဘိုနှင့်အတူ Wildaid Charity Team ကို ကူညီ၍ သင်းခွေချပ်အသိုက်များ ရှာဖွေပေးခဲ့သည့် လမ်းပြခွေးလေး ဂျူပီ သေဆုံးသွား၍ အဖွဲ့ဝင်များအားလုံး စိတ်မကောင်းဖြစ်နေကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ လမ်းပြခွေးလေး ဂျူပီသည် တာဝန်ကျေစွာ Wildaid Charity Team အဖွဲ့ကို ကူညီပေးခဲ့ပြီး ဝမ်ရိဘိုနှင့်အတူ သင်းခွေချပ်လေးများ တူးထားသည့် တွင်းပေါင်း ရာနှင့်ချီကို အတူစမ်းသပ်ရှာဖွေ၍ သင်းခွေချပ်အသိုက်ကို လမ်းပြပေးခဲ့သည်။

ဂျူပီသည် လွန်ခဲ့သော နှစ်လကျော်က ယာဉ်မတော်တဆဖြစ်၍ သေဆုံးသွားခဲ့သည့်အတွက် ဝမ်ရိဘို အပါအဝင် အဖွဲ့တစ်ဖွဲ့လုံး စိတ်မကောင်းဖြစ်ခဲ့ကြပြီး သူ၏လမ်းပြပုံများကို Wildaid Weibo က တင်ပေးထားခဲ့သည်။ **(SKY)**



## Taylor Swift နှင့် Lisa တို့ ခင်မင်ရင်းနှီးမှု ရှိလာ

ကမ္ဘာကျော်ဂီတအနုပညာရှင် တေလာဆွစ်နှင့်လီဆာတို့ ရင်းနှီးမှုရှိခဲ့ကြပြီး ELLE အင်တာဗျူးတွင် လီဆာက တေလာဆွစ်ကို ချီးကျူးစကားပြောကြားခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါမဂ္ဂဇင်းနှင့် လီဆာ အင်တာဗျူးရာတွင် တေလာဆွစ်ကို စင်ပေါ်၌ နာရီပေါင်းများစွာ ဖျော်ဖြေတင်ဆက်ပေးနိုင်မှုအပေါ် မယုံနိုင်စရာဖြစ်ခဲ့ရပြီး သူ့ထံမှ အလေ့အကျင့်များစွာ ရရှိခဲ့သည်ဟု လီဆာက ချီးကျူးစကားပြောကြားထားသည်။

သူတို့နှစ်ဦးကြား နွေးထွေးသော ဆက်ဆံရေးတစ်ခုရှိခဲ့ပြီး ၂၀၂၄ ခုနှစ် MTV Video Music Awards (VMA) ပွဲတွင်လည်း နှစ်ဦးသား ဆုအတူလက်ခံယူခဲ့ကြပြီး တေဆာဆွစ်က VMA သမိုင်းတစ်လျှောက် ဆုရအများဆုံး အနုပညာရှင်အဖြစ် စံချိန်တင်ထားနိုင်ခဲ့သည်ကို တွေ့ကြရသည်။ **(SKY)**

## Robert Downey Jr က Advengers: Doomsday ရုပ်ရှင်တွင် ဗီလိန်ဇာတ်ရုပ်နှင့် ပါဝင်ထား

ဟောလိဝုဒ်အနုပညာလောကမှ The Advengers (2012) ရုပ်ရှင်တွင် မူလအစ ပါဝင်ထားကြသည့် Advengers ခြောက်ဦးကို Original Six ဟု သတ်မှတ်ထားပြီး ရောဘတ်ဒီနေဂျာလည်း ပါဝင်ခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ထွက်ရှိသည့် Advengers: Dooms day တွင် ဗီလိန်ဇာတ်ရုပ်နှင့် ပါဝင်ထား၍ ပရိသတ်အံ့အားသင့်ခဲ့ကြသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရောဘတ်ဒီနေဂျာက အဆိုပါဇာတ်ရုပ်ကို လျှို့ဝှက်ထားပြီး ကြေညာခဲ့ရာမှ မာဘယ်လ်ပရိသတ်များအပြင် Original Six အဖွဲ့မှ ဂျာရမီရမ်နာလည်း သိခဲ့ရ၍ အင်တာဗျူးတွင် ရင်ဖွင့်ပြောကြားခဲ့သည်။

မိတ်ဆွေကောင်းများ ဖြစ်ကြသည့် Advengers အဖွဲ့တွင်ပါ လျှို့ဝှက်ထားခဲ့၍ စိတ်လှုပ်ရှားမှုဖြစ်ခဲ့ရကြောင်း အဆိုပါ ဗီလိန်ဇာတ်ရုပ်မှာ ကြောက်စရာကောင်းသည့် ဇာတ်ရုပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ရုပ်ရှင်ကို ၂၀၂၆ ခုနှစ် မေ ၁ ရက်တွင် ပြသမည်ဖြစ်သည်။ **(SKY)**

0-0-0-0-0-0



## Chou Tzuyu က Pop Up Landing Operation Show တွင် ရောင်းအားအကောင်းဆုံးဖြစ်ခဲ့



ဟောင်ကောင်လူမျိုး ကေပေါ့ပ်အဆိုတော် ချောင်တီဇူယူသည် ကေဘီအက်စ်မှ ကျင်းပသည့် Pop Up Landing Operation Show တွင် ဧည့်သည်တော်အဖြစ် ပါဝင်ခဲ့ပြီး ကုန်ပစ္စည်းရောင်းအားအကောင်းဆုံး ဖြစ်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ပွဲသို့ ရိုက်ကူးရေးတွင် လာရောက်ကြည့်ရှုသူ များပြားခဲ့ရာ အချိန်ကြာမြင့်စွာ စောင့်ကြည့်ခဲ့ရပြီး တစ်ရက်တည်းနှင့် ချောင်တီဇူယူ၏ ကုန်ပစ္စည်းမှာ ဝမ်လေးဆယ်မီလီယံရောင်းချခဲ့ရသည်။

ပရိသတ်များပြားလွန်း၍ ပြင်ဆင်ထားသော အစားအသောက်များ တစ်ခဏအတွင်း ကုန်သွားခဲ့သဖြင့် ချောင်တီဇူယူမှာ နာမည်ကျော်ခဲ့သည်။ **(SKY)**




## ဒေါ်နယ်ထရမ့်ကိုလုပ်ကြံရန် ကြံစည်သူအနေဖြင့် ချုံပုတ်ထဲ၌ ၁၂ နာရီခန့်ကြာ ပုန်းအောင်းခဲ့ဖွယ်ရှိ



**ဝါရှင်တန် စက်တင်ဘာ ၁၇**

ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်ကို လုပ်ကြံရန်ကြံစည်သူ ရိုင်ယန်ရုသ်အနေဖြင့် ထရမ့်အပြည့်ပြည့်ဆိုင်ရာ ဂေါက်သီးရိုက်အားကစားကွင်း အတွင်းပိုင်း ချုံပုတ်ထဲ၌ ၁၂ နာရီခန့်ကြာ ပုန်းအောင်းခဲ့ဖွယ်ရှိသည်ဟု အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့၏ ယာယီညွှန်ကြားရေးမှူး ရော်နယ်လ်ရှီးက သုံးသပ်ပြောဆိုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကိုက် ၂၀၀ ကျော်ခန့်အကွာရှိ ချုံပုတ်ထဲမှ ရိုင်ဖယ်ပြောင်းတစ်ခုကို အမေရိကန်လျှို့ဝှက်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ တွေ့ရှိခဲ့ပြီးနောက် ချုံပုတ်ဆီသို့ ပစ်ခတ်ပြီး တစ်ပြိုင်နက်တည်းတွင် ချဉ်းကပ်သွားခဲ့ကြသည်။

ထိုအချိန်၌ သေနတ်သံလေးငါးချက်ကြားလိုက်ရပြီးနောက် အမေရိကန်လျှို့ဝှက်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တစ်ဦးက ဒေါ်နယ်လ်ထရမ့်ကို ကာကွယ်ပြီး ဘေးလွတ်ရာ ခေါ်ဆောင်သွားခဲ့ရကြောင်း ရော်နယ်လ်ရှီးက သတင်းစာရှင်းလင်းပွဲတွင် ဆက်လက်ပြောကြားသည်။

ချုံပုတ်ထဲ၌ ပုန်းပြီးစောင့်နေခဲ့သော အဆိုပါ အမိကသံသယရှိသူအနေဖြင့် ထိုဂေါက်ကွင်းသို့ ထရမ့်ရောက်လာမည် မလာမည်ကို သိရှိခဲ့ခြင်းရှိ၊ မရှိ စစ်ဆေးရဦးမည်ဟု ဆိုသည်။

အခင်းဖြစ်ပွားပြီးနောက် သမ္မတ ဂျိုးဘိုင်ဒင်က ဒေါ်နယ်လ်ထရမ့်ထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ သတင်းမေးခဲ့ကြောင်း သိရသည်။ **Mon**



စက်တင်ဘာ ၁၆ ရက်က ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဆိုသော ဂါဇာကမ်းမြောင်ဒေသမှကလေးငယ်များ ပိုလီယိုအစက်ချကာကွယ်ဆေးတိုက်ကျွေးမှုကို တွေ့ရစဉ်။ **Mon**

## ဂျပန်ယန်းငွေတန်ဖိုး တိုးမြင့်ပြီးနောက်ပိုင်းတွင် အမျိုးသားစီးပွားရေး တိုးတက်လာရန်မျှော်မှန်း

**တိုကျို စက်တင်ဘာ ၁၇**

ကမ္ဘာ့ငွေကြေးဈေးကွက်တွင် ဂျပန်ယန်းငွေတန်ဖိုး တိုးမြင့်ပြီးနောက်ပိုင်းတွင် မိမိတို့နိုင်ငံ၏ အမျိုးသားစီးပွားရေး



အလိုက်သင့် တိုးတက်လာရန် မျှော်မှန်းထားသည်ဟု ဂျပန်ဘဏ္ဍာရေးဝန်ကြီး ရှုနိချိဆူဇူကီးက စက်တင်ဘာ ၁၇ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တိုကျိုငွေကြေးဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ယန်းငွေ ၁၄၀ ရှိနေသဖြင့် ယခုဘဏ္ဍာနှစ်အလယ်ပိုင်းကထက် ယန်းငွေတန်ဖိုး မြင့်တက်လာသည်ကို တွေ့ရသည်။

နှစ်စနှင့်နှစ်လယ်ပိုင်းတွင် အမေရိကန်တစ်ဒေါ်လာလျှင် ယန်းငွေ ၁၄၅ ရှိခဲ့ရာမှ ထိုသို့ပြောင်းလဲလာခဲ့ခြင်းဖြစ်ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးက ရှင်းပြသည်။

အမေရိကန်ဗဟိုဘဏ်က ဆက်လက်ပြုလုပ်လာမည့် ဘဏ်အတိုးနှုန်းလျှော့ချ ဖြတ်တောက်မှုအပေါ်တွင်မူတည်၍ ယန်းငွေတန်ဖိုး အတက်အကျ ပြောင်းလဲမှု ရှိလာနိုင်သည်။

ယန်းငွေတန်ဖိုးအရ ဂျပန်စီးပွားရေး တိုးတက်လာရန် မျှော်မှန်းသည်ဆိုသော်လည်း ငွေတန်ဖိုး မြင့်တက်ရုံမျှဖြင့် စီးပွားရေးဖွံ့ဖြိုးလာမည်မဟုတ်ဟု ပညာရှင်အချို့က ဝေဖန်ထောက်ပြကြောင်း သိရသည်။

**Mon**



## အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်ပမာဏမြင့်တက်လာ ဩဂုတ်လအတွင်း ခုနစ်ရာခိုင်နှုန်းထက်ကျော်လွန်ခဲ့

**ဂျကာတာ စက်တင်ဘာ ၁၇**

အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်ပမာဏ မြင့်တက်လာရာ ဩဂုတ်လအတွင်း ခုနစ်ရာခိုင်နှုန်းထက်ကျော်လွန်ရောက်ရှိခဲ့ ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းပြည်ပပို့ကုန်၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅၆ ဘီလျံရှိကြောင်း အစိုးရစာရင်းအင်းဌာနက တွက်ချက်အစီရင်ခံသည်။

ယမန်နှစ် ဩဂုတ်လကထက် ပို့ကုန်ပမာဏ ၇ ဒသမ ၁၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားအစိုးရပြောခွင့်ရသူက အတည်ပြုကြောင်း သိရသည်။ **Mon**

## မျောက်ကျောက်ရောဂါ ပထမဆုံးကူးစက်မှု မလေးရှားကျန်းမာရေးဝန်ကြီးဌာနက အတည်ပြု

**ကွာလာလမ်ပူ စက်တင်ဘာ ၁၇**

ယခုနှစ် မျောက်ကျောက်ရောဂါ ပထမဆုံးကူးစက်မှု မလေးရှားကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၇ ရက်တွင် အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုရောဂါကူးစက်ခံရသူသည် စက်တင်ဘာ ၁၁ ရက်တွင် ဖျားနာ၊ လည်ချောင်းနာ၊ ချောင်းဆိုးသော လက္ခဏာများပြသပြီးနောက် အဖုအပိမ့်များ ပေါက်လာခဲ့သည်။

သက်ဆိုင်ရာ လူထုကျန်းမာရေးဌာနက စစ်ဆေးကြည့်ပြီးနောက် ထိုလူနာတွင် မျောက်ကျောက်ရောဂါ ကူးစက်ခံနေရကြောင်း အတည်ပြုနိုင်ခဲ့သည်။

၎င်းသည် မလေးရှားနိုင်ငံသားဖြစ်ပြီး ၎င်းနှင့် အနီးကပ်ဆုံး ထိတွေ့ခဲ့သူများကို ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုက်လံရှာဖွေဆက်သွယ်ကာ လိုအပ်သလို စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

**Mon**



## နှစ်လသားအရွယ် ရေမြင်းလေး မူဒင်းကို နေ့စဉ်လူပေါင်းရာနှင့်ချီ၍ ကြည့်ရှုနေကြ

**ဘန်ကောက် စက်တင်ဘာ ၁၇**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်တောင်ဘက် ပတ္တယားမြို့အနီးရှိ ခေါင်ခူးတိရစ္ဆာန်ရုံမှ နှစ်လသားအရွယ် ရေမြင်းလေး မူဒင်းကို စိတ်ဝင်စားသဖြင့် နေ့စဉ် လူပေါင်းရာနှင့်ချီ၍ လာရောက်ကြည့်ရှုနေကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အင်တာနက်လူမှုကွန်ရက်တွင် ထိုရေမြင်းပေါက်စလေး၏ အသွင်အပြင်အမူအရာများကို လွှင့်တင်ခဲ့ကြရာမှ ထိုင်းနိုင်ငံတစ်နိုင်ငံလုံးက စိတ်ဝင်စားခဲ့ကြခြင်းဖြစ်သည်။

၎င်းကို ကလေးပရိသတ်များကသာမက အသက် ၄၀ နှင့် ၅၀ အရွယ်အမျိုးသား၊ အမျိုးသမီးများကပါ စိတ်ဝင်တစားလာရောက်ကြည့်ရှုနေသည်ဟု တိရစ္ဆာန်ရုံတာဝန်ခံက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**




STOP AIDS

## အရှေ့နှင့်အလယ် ဥရောပနိုင်ငံများတွင် ဘိုးရစ်မုန်တိုင်းကြောင့် လူ ၁၈ ဦးသေဆုံး

**ဝါဆော စက်တင်ဘာ ၁၇**

အရှေ့နှင့်အလယ် ဥရောပနိုင်ငံများတွင် ဘိုးရစ်မုန်တိုင်းဒဏ်ကြောင့် လူ ၁၈ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု စက်တင်ဘာ ၁၆ ရက်တွင် ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းမုန်တိုင်း တိုက်ခတ်အပြီးတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာမှ ချက်သမ္မတနိုင်ငံတစ်ဝန်း မြစ်ရေများလျှံကာ ရေကြီးခဲ့သည်။



အလားတူပင် ပိုလန်၊ ဩစတြီးယား၊ ဆလိုဗေးကီးယားနှင့် ဟန်ဂေရီနိုင်ငံများတွင်လည်း မြစ်ရေလျှံ၊ ရေကြီးမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါမုန်တိုင်းဒဏ်ကြောင့် ရိုမေးနီးယားနိုင်ငံတွင် လူ ခုနစ်ဦး၊ ပိုလန်နိုင်ငံတွင် လူလေးဦး၊ ဩစတြီးယားနိုင်ငံတွင် လူလေးဦးနှင့် ချက်သမ္မတနိုင်ငံတွင် လူသုံးဦး သေဆုံးခဲ့ရကြောင်း မှတ်တမ်းတင်ထားသည်။

နိုင်ငံအချို့တွင် ပျောက်ဆုံးနေသူများရှိသဖြင့် သက်ဆိုင်ရာကယ်ဆယ်ရေးအဖွဲ့များက လိုက်လံရှာဖွေ ကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

**Mon**

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး Talk Show ဆွေးနွေးပွဲ ကျင်းပ

**နတ်မောက် စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ထားသဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်၊ လူကုန်ကူးခံရမှုပုံစံအမျိုးမျိုးမှ ကင်းဝေးစေရန် ရည်ရွယ်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး Talk Show ဆွေးနွေးပွဲကို လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမတွင် စက်တင်ဘာ ၁၃ ရက်က ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် လူကုန်ကူးမှုအန္တရာယ်နှင့် နောက်ဆက်တွဲဆိုးကျိုးများကို အများပြည်သူသို့ အသိပညာပေးခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သင်တန်းများ ပေးနိုင်ရေးဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူများ၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးငယ်များအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ဒေါ်မူမူစန်း(ရုပ်သံ-၃)က လူကုန် ကူးမှုတားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် အားလုံးပူးပေါင်းဆောင်ရွက်နိုင်ကြရန် ဆွေးနွေးကြကြောင်း သိရသည်။

(ဝဲပုံ)မူမူစန်း




## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိညာပေးဟောပြောပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၁၇**

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို-မန္တလေး)(AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးဆန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး မူးယစ်သမိုင်းကြောင်းကို အသင်း၏ အလုပ်အမှုဆောင် ဦးဝင်းမင်းလှိုင်က ဟောပြောကာ မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်ကို အတွင်းရေးမှူး ဦးမြင့်သန်းက ဟောပြောသည်။

ဆက်လက်ပြီး မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)မှ ဒုဦးစီးမှူး ဒေါ်အိအိဖြိုးက ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ လုပ်ငန်းစဉ်(၅)ကို ဟောပြောသည်။ (ဝဲပုံ)

ထို့နောက် တက်ရောက်လာသူ ကျောင်းသား၊ ကျောင်းသူများအား တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးနှင့် ဒေါ်သင်းသင်းဦးက မေးခွန်းများမေးမြန်းပြီး ဖြေဆိုသူများအား ဆုလက်ဆောင်ပစ္စည်းချီးမြှင့်ပြီး မူးယစ်ဆေးဝါးမသုံးစွဲရန် သန္နိဋ္ဌာန်ချတ်ဆိုခဲ့ကြပြီး ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ (၀၅၆)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်တွင် ကြိုတင် သတင်းရရှိထားသူ ထွန်းထွန်းမြင့်ဆိုသူအား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၁ ကီလို၊ Happy Water ၁၀၅ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ဘသာစ်ဆိုသူအား ယင်းနေ့ မွန်းလွဲ ၁ နာရီ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁(တိုးချဲ့)ရပ်ကွက်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ရာ ၎င်း၏ ဖော်ထုတ်ချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ စကားဝါလမ်းရှိ ဖမ်းမိတရားခံ ထွန်းထွန်းမြင့်ဆိုသူ၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၈ သိန်းနှင့် ဘိန်းဖြူ ၅၀ ဂရမ် ဆက်လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ စက်တင်ဘာ ၁၂ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်တွင် လှရွှေ(ခ)အဒူရှ်မူန ဆိုသူနှင့် ဇော်မင်းနိုင်(ခ)အင်မရန်း ဆိုသူတို့နှစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၂ သိန်းနှင့်အတူ ကက်တမင်း ၁ ကီလို၊ Happy Water ၁၀၅ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉သိန်းနှင့် ဘိန်းဖြူ ၅၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*– *– *– *– *



## ဆင်ပေါင်ဝဲမြို့၌ ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာမြို့မ ဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ် အစားထိုးစက္ကူများ အခမဲ့ဖြန့်ဝေခြင်းကို စက်တင်ဘာ ၁၆ရက် နံနက် ၈ နာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများကို အပတ်စဉ်တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ (အောက်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



## လဲကျသစ်ပင်များအား မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှား

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အိုင်ဆောက်ကျေးရွာ၊ ကျောက်ချက်ကျေးရွာအနီး၊ ရန်ကုန်-မန္တလေးလမ်းဟောင်းတွင် စက်တင်ဘာ ၁၅ရက် နံနက် ၈ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး ရေများဝင်ရောက်ခဲ့မှုကြောင့် မြေသားပျော့ပြီး အမြစ်မခိုင်သော သက်တမ်းရင့်သစ်ပင်ကြီးများ လဲကျခဲ့ရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ (အောက်ပုံ)

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ လက်ပံဘုကျေးရွာ၊ မုံးချောင်းတံတားအနီးတွင်လည်း စက်တင်ဘာ ၁၆ရက်က သက်တမ်းရင့် ထနောင်းပင်လဲကျမှုအား ဇေယျာသီရိမြို့နယ် မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းရေး ဆောင်ရွက်ခဲ့သည်။



အလားတူ လယ်ဝေးမြို့နယ်၊ သဲကောကြီးကျေးရွာအနီး၊ သဲကောကြီး တံတားအောက်တွင် ပလွေချောင်းအတွင်း မျောပါပိတ်ဆို့နေသော သစ်ပင်များအား လယ်ဝေးမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၀၄၅)

# စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာမှ ဒေသခံပြည်သူများ တောင်ယာလုပ်ကိုင်ရန် သွားရောက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ပြည်သူ ၁၂ ဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာရှိ တောင်သူများသည် တောင်ယာလုပ်ငန်း လုပ်ကိုင်ရန်အတွက် သွားရောက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ဒေသခံ ပြည်သူ အမျိုးသမီး ၁၂ ဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာအတွင်း၌ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသည့် ဒေသခံပြည်သူများသည် တောင်ယာလုပ်ငန်းများဆောင်ရွက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် သွားရောက်စဉ် ကျေးရွာ၏ အရှေ့မြောက်ဘက်မီတာ ၁၃၀၀ ခန့်အကွာသို့ အရောက်၌ ပြည်ဖျက် PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့်အတွက် ရက်စက်ယုတ်မာစွာဖြင့် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ရာ ဒေသခံ ပြည်သူ အမျိုးသမီး ၁၂ ဦး သေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဒဏ်ရာရရှိခဲ့သူများအား လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကိုင်းမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အဆိုပါအကြမ်းဖက်သမားများအား ထက်ကြပ်လိုက်လံချေမှုန်းနိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG နှင့် CRPH လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသည့် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မြို့၊ ရွာများအတွင်းဝင်ရောက်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများ၊ ဒရုန်းများ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များအား အဆင်အခြင်မဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဧပြီလတွင်လည်း PDF အမည်ခံအကြမ်းဖက်သမားများက အဆိုပါကြွယ်ပုံကျေးရွာအား Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အေးချမ်းစွာနေထိုင်နေကြသော အပြစ်မဲ့ပြည်သူ ကလေးငယ် ငါးဦးအပါအဝင် ရှစ်ဦး သေဆုံးပြီး ၃၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အလားတူ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ခရုတုတ်ကျေးရွာမှ သံဃာတော်တစ်ပါးသည် ကူမဲမြို့သို့ သွားရောက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဆိုင်ကယ်တစ်စီး၊ ဖုန်းနှင့် ငွေများအား လုယက်ယူဆောင်သွားခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်ခဲ့မှုကြောင့် ဆရာတော်ဘဒ္ဒန္တကောဝိဒသည် ရရှိဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ပြီး ဆိုင်ကယ်ဖြင့် လိုက်ပါပို့ဆောင်သူ အမျိုးသားတစ်ဦးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သည်။ ထို့အတူ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မှန်ကင်းကျေးရွာ၌ အမျိုးသမီးတစ်ဦးသည် နေအိမ်၌ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် သေဆုံးခဲ့ရကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် သံဃာတော်အပါအဝင် ရိုးသားစွာလုပ်ကိုင်စားသောက်လျက်ရှိသည့် ဒေသခံပြည်သူများအား ယခုကဲ့သို့ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါလုပ်ရပ်များအပေါ် ဒေသခံပြည်သူများအနေဖြင့် ရွံ့ရှာစက်ဆုပ်မုန်းတီးလျက်ရှိပြီး ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များပေါ် ပြည်သူလူထုတစ်ရပ်လုံးက လက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်၏အကြမ်းဖက် ချေမှုန်းရေးစစ်ဆင်မှု (Counter-Terrorism Operation) ဆောင်ရွက်ရာတွင် အားတတ်သရော ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

## ပုလောမြို့နယ်ရှိ သစ်လှတောကျေးရွာနှင့် ဖော့ကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ပြည်သူများကို ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၇




တနင်္သာရီ တိုင်းဒေသကြီး ပုလောမြို့နယ်အတွင်း အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သစ်လှတောကျေးရွာနှင့် ဖော့ကျေးရွာတို့ကို မီးရှို့ဖျက်ဆီးခဲ့ပြီး ပြည်သူများကို ဖမ်းဆီးထားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ပုလောမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၄ ရက်က သစ်လှတောကျေးရွာအနီးသို့ ရောက်ရှိစဉ် ၎င်းကျေးရွာအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ် တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများဖြင့် ကျေးရွာအတွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများက စက်တင်ဘာ ၁၆ ရက်တွင် ဖော့ကျေးရွာအတွင်းမှ ထပ်မံ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက်သမားများ အနောက်တောင်ဘက်သို့ ထွက်ပြေးသွားခဲ့သည်။

မဟုတ်မမှန်လှုံ့ဆော်ဝါဒဖြန့်

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ၎င်းကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများကို ဖမ်းဆီးခြင်းမရှိဘဲ အကြမ်းဖက်သမားများက ကျေးရွာများအတွင်း အခမ့်ဝင်ရောက်ပြီး ဒေသခံပြည်သူများကို ဖမ်းဆီးထားသည့်အတွက် ပြည်သူများ ထွက်ပြေးတိမ်းရှောင်လျက် ရှိသည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပခုက္ကူမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန် တိမ်းရှောင်သူ၏မိခင်အား တာဝန်ရှိသူများက ဓားစာခံအဖြစ် ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၇




မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် လူငယ်တစ်ဦး ပြည်သူ့စစ်မှုထမ်းဆောင်ရန် တိမ်းရှောင်သဖြင့် ပခုက္ကူမြို့နယ် အမှတ်(၃)ရပ်ကွက် ၎င်းလူငယ်၏ လေဖြတ်နေသော မိခင်ဖြစ်သူကို တာဝန်ရှိသူများက ဓားစာခံအဖြစ် ဖမ်းဆီးထားသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ပခုက္ကူမြို့နယ် စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပခုက္ကူမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းရန် တိမ်းရှောင်သူ၏ မိခင်ကို ဓားစာခံအဖြစ် ဖမ်းဆီးသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာတွင် ဖော်ပြထားသည့် နေရပ်လိပ်စာတွင် ၎င်းအမည်ဖြင့် နေထိုင်သူမရှိကြောင်း စုံစမ်းသိရှိရပြီး တာဝန်ရှိသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်း စတင်ဆောင်ရွက်သည့် အချိန်မှစ၍ ယနေ့အထိ သတ်မှတ်ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၆ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Zaw Latt” Facebook အကောင့်နှင့် “User3724249725455” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အင်းတကော်မြို့ အမှတ်(၃) ရပ်ကွက်နေ သိန်းဇော်လတ်(ခ) ဇော်လတ်အား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Thant Zin Win 239” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက်နေ သန့်ဇင်ဝင်းအား ညနေ ၄ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ “Shweegg. superinter” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ် (ဆ/က)ရပ်ကွက်နေ ရွှေခင်အား ည ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPHလက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မဟာအောင်မြေမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်များအတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် တာဝန်ရှိ ဌာနမှူးများလိုက်ပါကာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်များအတွင်းရှိ ၆၂ လမ်းမကြီးဘေးဝဲ၊ ယာ သန့်ရှင်းသပ်ရပ်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် မဟာအောင်မြေမြို့နယ် ၃၈ လမ်းနှင့် ၃၉လမ်းကြား၊ ၆၂ လမ်းမကြီးအနောက်ဘက်ခြမ်း မနော်ရမ္မမြောင်းတစ်လျှောက် မြောင်းနှင့် ပလက်ဖောင်းကြားရှိ မြေနေရာလွတ်များ၌ ပေါက်ရောက်လျက်ရှိသော ချုံနွယ်ပေါင်းမြက်များကို ရှင်းလင်းပြီး ဘက်ဟိုးစက်ယန္တရားဖြင့် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မနော်ရမ္မမြောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်ပင်များကို စက်ယန္တရားဖြင့် ဆယ်ယူရှင်းလင်းနေမှု၊ ၃၆လမ်းမှ ၄၁လမ်းအထိ လူသွားလမ်း ၁၂ ပေ အကျယ်ပလက်ဖောင်းတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် အပင်ကြီးများ၏ အောက်ခြေ ၁၀ ပေအမြင့်အတွက် သစ်ကိုင်းသစ်ခက်များ ရှင်းလင်းပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်၊ ၁၃၇ လမ်းနှင့် ၁၃၈ လမ်းကြား၊ ၆၂ လမ်းဘေးဝဲ၊ ယာရှိလမ်းပေါ်သို့ အုပ်မိုးကျနေသည့် အပင်ကြီးများ၏ သစ်ကိုင်း၊ သစ်ခက်များကို အမြင့်တင်ကရိန်းကား၊ သစ်ပင်ဖြတ်စက်အသုံးပြု၍ အလင်းဖွင့်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ချုံနွယ်ပေါင်းမြက်ပင်များအား မြက်ဖြတ်စက်များ အသုံးပြု၍ ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ရှင်းလင်းပြီးပါက ၆၂ လမ်းဘေးဝဲ၊ ယာ တစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် မြေသားမြောင်းများ အသစ်ပြန်လည်တူးဖော်ပေးရန် လမ်းတံတားဌာန ဌာနမှူးအား လည်းကောင်း၊ အပင်များ၏ အောက်ခြေမှ အမြင့် ၁၀ ပေ တစ်ညီတည်းဖြစ်အောင် ကိုင်းတိ၊ ကိုင်းညှိပေးရန်နှင့် အပင်ကြီးများ အလင်းဖွင့်ရာ၌ သစ်ပင်များ လမ်းပေါ်သို့ အုပ်မိုးကျနေသည့် သစ်ကိုင်းများကို အဓိက ရှင်းလင်းပေးရန်တို့ကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ တာဝန်ရှိသူများအား လည်းကောင်း မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည်(ရန်-မန်း)လမ်းမကြီး ချမ်းမြသာစည်လေဆိပ်ဟောင်းအနီး ဆိုင်ကယ်လမ်းနှင့် (ရန်-မန်း) လမ်းမကြီးအကြား မြေယာရှုခင်း အလှစိုက်ပျိုးထားသည့် အပင်များ ဧရိယာအတွင်းသာယာလှပရေး ရှင်းလင်းဆောင်ရွက်နေမှုများ (ရန်-မန်း)လမ်းမကြီးဘေးဝဲ၊ ယာ အပင်မြင့်ကြီးများအား လမ်းပေါ်သို့ အုပ်မိုးကျနေသည့် သစ်ကိုင်းများအား ကရိန်းကား၊ သစ်ပင်ဖြတ်စက်အသုံးပြု၍ ပုံသွင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀





# အောင်လံမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး(ဟောင်း)ခန်းမ၌ ကျင်းပသည်။



အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး အောင်လံမြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် သင်တန်းက ဆွေးနွေးပို့ချချက်များနဲ့ မိမိတို့၏ အတွေ့အကြုံများနဲ့ ပေါင်းစပ်ပြီး မြေပြင်အခြေအနေနဲ့ ကိုက်ညီအောင် အကောင်းဆုံး ဆောင်ရွက်ဖို့ နည်းပြဆရာ၊ ဆရာမများနဲ့ သင်တန်းကာလမှာ အပြန်အလှန် ဆွေးနွေးသွားရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်က သင်တန်းသား၊ သင်တန်းသူများအား လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် နည်းပြဆရာ၊ ဆရာမ(၁၄)ဦးဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ရာ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ(၁၄၉)ဦး တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ(၁၇)ရက်နေ့မှ (၂၈)ရက်နေ့ထိ သင်ကြားဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

➤ စာမျက်နှာ ၂၄ မှ

လမ်းကြားအနောက်ဘက်ခြမ်းတွင် မနော်ရမ္မကွင်း ဧရိယာ ၅၃၀၇၃ စတုရန်းပေနှင့် ပလက်ဖောင်း ဧရိယာ ၂၅၄၂၅ ပေစတုရန်း အပါအဝင် စုစုပေါင်း စတုရန်းပေ ၇၈၄၉၈ စတုရန်းပေ အကျယ်ရှိ မြေနေရာတွင် မြို့တော်ညနေဈေး ဖွင့်လှစ် ရောင်းချခြင်းကို Win Hap Co,Ltd က အကောင်အထည်ဖော် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အထူးဈေးရောင်းပွဲတော်ကာလတွင် ရရှိလာမည့် ဈေးဆိုင်ခန်း ငှားရမ်းခများကို မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် လှူဒါန်းပေးသွားမည်ဖြစ်သောကြောင့် ဈေးဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများနှင့် ရေဘေးသင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်လှူဒါန်းလိုပါက ၀၉-၄၂၀၁၁၂၄၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မန္တလေးမြို့တွင် ညနေဈေးအဖြစ် အသစ်လာရောက်လည်ပတ် ဝယ်ယူနိုင်သည့် မြို့တော်ညနေဈေးကို လာရောက်ခင်းကျင်းရောင်းချသည့် ဈေးဆိုင်ခန်း (၃၀၀)ကျော်နှင့် လာရောက်ဝယ်ယူ လည်ပတ်သည့် မြို့ခံပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

# မန္တလေးအခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၏ သဘာဝပတ်ဝန်းကျင်နှင့် မိခင်ကမ္ဘာမြေကြီးအား ထိန်းသိမ်းရေးအစီအစဉ်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနား ကျင်းပ





**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးအခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၏ သဘာဝပတ်ဝန်းကျင်နှင့် မိခင်ကမ္ဘာမြေကြီးအား ထိန်းသိမ်းရေး[One-day Special Planting Campaign] အစီအစဉ်ဖြင့် ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်း၊ ၁၀၇ လမ်းနှင့် ၁၀၈ လမ်းကြားရှိ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT) ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ မန္တလေးအခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ် Mr.Sundeep Kaushal၊ ကောင်စစ်ဝန် Mr.Uma Kant Sharma နှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT) ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ဝင်းအေးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့တော်စည်ပင်ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ အရာထမ်းနှင့် အမှုထမ်းဝန်ထမ်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့တော်ဝန်၊ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါကျောင်းဝင်းအတွင်း သစ်ပင်စိုက်ပျိုးမည့် သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီးနောက် အပင်အမြင့် ၅ ပေခန့်ရှိ ဖွားဘက်တော်ပင် ၄၀ ကို သတ်မှတ်နေရာ ၄၀ ၌ တစ်ပြိုင်တည်းစိုက်ပျိုးပေးကြသည်။ ထို့နောက်မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သစ်ပင်စိုက်ပျိုးပွဲတော် အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ဟန်မြင့်မိုရ်- ရှာင်- အောင်ပန်းလမ်း နောင်ခမ်းတံတား ချဉ်းကပ်လမ်းပျက်စီး၍ ယာယီမြေသားတမံ ပြုလုပ်ပြီးစီး

**မန္တလေး စက်တင်ဘာ ၁၇**

ယခုစက်တင်ဘာလ ၇ ရက်နေ့မှ ၁၃ ရက်နေ့ထိ လေပွေလှိုင်းများကြောင့်လည်းကောင်း၊ မုန်တိုင်းအရှိန်များကြောင့်လည်းကောင်း ဆက်တိုက်ရွာသွန်းခဲ့သည့် မိုးသည်းထန်မှုသည် မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းတောင်၊ ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်တို့ရှိ မြစ်ချောင်းများ ရေကြီးရေလျှံခဲ့ပြီး လမ်းတံတားများစွာ ပျက်စီးခဲ့သည်။

အဆိုပါအခြေအနေများကြောင့် မန္တလေးတိုင်းဒေသကြီးတွင်းရှိ ဟန်မြင့်မိုရ်- မြို့ကြီး- ရှာင်- အောင်ပန်းလမ်းပိုင်း၌လည်း လမ်းမြေနှင့်တံတားများ ရေတိုက်စားမျောပါမှု၊ တံတားချဉ်းကပ်လမ်းများ ရေတိုက်စား ပျက်စီးမှုများရှိခဲ့သည်။ စက်တင်ဘာလ ၁၆ ရက်နေ့က ဇော်ဂျီမြစ်ရေမြင့်တက်မှုကြောင့် အဆိုပါလမ်းပိုင်း ၁၁ ကီလိုမီတာနှင့် ၁၁ ဒသမ ၅ ကီလိုမီတာကြားရှိ တံတားအမှတ်(၃/၈) နောင်ခမ်းတံတား၏ ဟန်မြင့်မိုရ်ဘက်ခြမ်း ကမ်းကပ်ခုံမှာ ၁၀ လက်မခန့်ထိ နိမ့်ကျသွားခဲ့သည်။ သို့ဖြစ်၍ ကျောက်ဆည်ခရိုင် လမ်းဦးစီးအဖွဲ့မှ နိမ့်ကျပျက်စီးသည့် အဆိုပါနေရာအား ယာယီဖြတ်သန်းသွားနိုင်ရန် မြေသားတာပေါင်ဖို့ခြင်းဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၁၇ ရက်တွင် ပြီးစီးခဲ့၍ ယာဉ်များနှင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ ပုံမှန်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(၀၅၄)





## ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေရရှိရန် တေးသီချင်းများဖြင့် ဖျော်ဖြေ

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၅ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြားရှိ ကရဝိက်ကဖေးဆိုင်ရှေ့တွင် Royal Burma Co.ltd ကရဝိက်ကဖေးနှင့် မန္တလေးဂီတချစ်မြတ်နိုးသူများ ပူးပေါင်းပြီး ရေဘေးသင့် ပြည်သူများအား ပြန်လည်ထူထောင်နိုင်ရေးအတွက် တေးသီချင်းများ သီဆိုဖျော်ဖြေပြီး တေးဂီတဖြင့် အလှူခံလျက်ရှိကြောင်း သိရသည်။



"ရေဘေးပေါင်းများစွာကို အလှူခံပြီး ကူညီမှုတွေ လုပ်ခဲ့ပေါင်းများပြီ။ ဒီတစ်ခါလည်း ကရဝိက်ကဖေးကနေ ရေဘေးကူညီဖို့ လုပ်ကြရအောင် ပြောတာနဲ့ ပွဲမိန့်တင်ပြီး ဖျော်ဖြေပွဲချက်ချင်းဆောင်ရွက်နိုင်အောင် လုပ်ကိုင်ခဲ့ကြောင်း၊ ဒီပွဲမှာ မန္တလေးမြို့က အတီးသမားတွေ အဆိုတော်တွေအားလုံးက အားဖြည့်ပြီး ပါဝင်အလှူခံပေးကြကြောင်း၊ လှူဒါန်းမှုကနေ ရရှိလာတဲ့ အလှူငွေများကိုတော့ ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက်ပဲ အဓိကရည်ရွယ်ထားတဲ့အတွက်ကြောင့် ရေဘေးသင့်ဒေသတွင်းမှာရှိတဲ့ စာသင်ကျောင်း ပြိုလဲပျက်စီးတာမျိုး၊ ဘုန်းကြီးကျောင်း ပြိုပျက်သွားတာမျိုးတွေကို သေချာစုံစမ်းပြီး လှူဒါန်းပေးသွားမှာဖြစ်ကြောင်း၊ ဘယ်ဒေသကို လှူရမလဲဆိုတာကိုတော့ ယခုရေဘေးအတွက် သွားရောက်လှူဒါန်းနေကြတဲ့ အဖွဲ့အစည်းများကို ချိတ်ဆက်ထားပြီး ထိုအဖွဲ့များထံကနေ အချက်အလက်သေချာ စုဆောင်းကာ လိုအပ်တဲ့နေရာတွေကို သွားရောက်လှူဒါန်းကြမှာ ဖြစ်ကြောင်း" West Bank Entertainment က ဦးချိုက ပြောပါသည်။ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရေဘေးအလှူခံရာမှ ရရှိလာသော ငွေကြေးများကို ကရဝိက်ကဖေးမိသားစုနှင့်အတူ သွားရောက်ကူညီသွားမှာဖြစ်ပြီး ကရဝိက်ကဖေးမိသားစုက အလှူခံသည့် ၃ ရက်အတွင်း အနုပညာရှင်တွေအားလုံး စားသောက်ဖို့အတွက် လှူဒါန်းပေးထားကြောင်း သိရပါသည်။ အဆိုပါ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့ထိ ၃ ရက်တိုင်တိုင် မနက် ၉ နာရီမှ ၁၂ နာရီထိ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ၅ နာရီထိ တစ်ကြိမ်၊ တနေ့ ၂ ကြိမ်ဖြင့် အလှူခံသွားမှာဖြစ်ကြောင်း သိရသည်။

(ကဆ)

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ဆံပင်ကျွတ်ရခြင်းရဲ့ အဓိကအကြောင်းအရင်း (၅) ခု

ဆံပင်ကျွတ်လို့ ဆံသားတွေ ပါးနေပြီး ကျန်းမာရေးနဲ့ညီညွတ်အောင် စားသုံးနေပေမဲ့ ဆံပင်တွေ ကျွတ်နေတုန်းဆိုရင် အဲဒါနဲ့ပတ်သက်ပြီး အဖြေရှာဖို့ လိုနေပါပြီ။

လူတိုင်းဟာ ခေါင်းပေါ်က ဆံပင်တွေ ကျွတ်ပြီးပါးသွားတဲ့အခါ စိုးရိမ်စိတ်တွေ ဖြစ်ပေါ်လာတတ်ကြပါတယ်။ ဒါပေမဲ့ ဆံပင်ကျွတ်ပြီး ဆံပင်ပါးရခြင်းအကြောင်းအရင်းကိုသိဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ဒေါက်တာ ဘလို့စ်ဆွန်မှျဝေပေးထားတဲ့ ဆံပင်ကျွတ်ရခြင်း အကြောင်းအရင်းကို ဖော်ပြပေးလိုက်ပါတယ်။



### (၁) စိတ်ဖိစီးခြင်း

အလွန်အကျွံတွေးလွန်းတဲ့အခါ၊ စိတ်ဖိစီးလွန်းတဲ့အခါ အာရုံကြောစနစ်တစ်ခုလုံးနဲ့ အစာခြေစနစ်တွေ ကမောက်ကမ ဖြစ်ရပါတယ်။ အဲဒါကြောင့် အတွင်းပိုင်းမညီမျှမှုတွေ ဖြစ်ပေါ်လာပြီး လိုအပ်တဲ့ အာဟာရဓာတ်ကို မပေးစွမ်းနိုင်တာကြောင့် ဆံပင်ကျွတ်ခြင်းနဲ့ ဆံပင်ပါးခြင်းကို ဖြစ်စေပါတယ်။

### (၂) တစ်နေ့တာအစားအစာ

ဘိုင်အိုတင်၊ ဇင့်စ်နဲ့ ဗီတာမင်ဒီ ချို့တဲ့ခြင်းက ဆံပင်ကျွတ်ခြင်းနဲ့ ဆံပင်ပါးခြင်းကို ဖြစ်ပေါ်စေပါတယ်။ ဗီတာမင်ဒီ ချို့တဲ့ခြင်းကြောင့် ထိပ်ပြောင်ခြင်းကို ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ဆံပင်ကျွတ်ခြင်းနဲ့ ဆံပင်ပါးခြင်းတွေ မဖြစ်အောင် ခန္ဓာကိုယ်က လိုအပ်တဲ့ အာဟာရဓာတ်တွေ ရဖို့အတွက် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားသောက်နေထိုင်မှုပုံစံကို ထိန်းထားဖို့ အရေးကြီးပါတယ်။

### (၃) ဗောက်ထခြင်း

ဆံပင်ကျွတ်ခြင်းရဲ့နောက်ထပ် အကြောင်းအရင်းကတော့ ဗောက်ထခြင်းပါပဲ။ ခေါင်းမှာ ဗောက်ဖတ်တွေ စုပုံလာတဲ့အတွက် ခေါင်းယားယံလို့ ကုတ်မိကြပါတယ်။ အဲဒီလိုလုပ်တာက ဆံသားကို အားနည်းသွားစေပြီး ရလဒ်အနေနဲ့ ဆံပင်ပါးခြင်း၊ ဆံပင်ကျွတ်ခြင်းတွေ ဖြစ်လာစေပါတယ်။

### (၄) ကိုယ်အလေးချိန်

ကိုယ်အလေးချိန် သိသိသာသာ ကျသွားတာက သင့်ရဲ့ဆံပင်အပေါ် ဆိုးရွားတဲ့သက်ရောက်မှုတွေ ရှိစေနိုင်ပါတယ်။ ကိုယ်အလေးချိန်ကျသွားရင်းနဲ့ အရေးကြီးတဲ့ အာဟာရဓာတ်တချို့ကိုလည်း ဆုံးရှုံးရပြီး ဆံပင်ကျွတ်ခြင်းကို ဖြစ်စေတဲ့ ဆိုးကျိုးလည်း ရှိလာစေနိုင်ပါတယ်။

### (၅) အသက်အရွယ်

ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် အသက်ကြီးလာတာနဲ့ ခန္ဓာကိုယ်မှာ အပြောင်းအလဲတွေ အများကြီးဖြစ်လာပြီး ဆံပင်တွေ ကျွတ်လာနိုင်ပါတယ်။

Daisy

## အသားအရေနဲ့ ဆံပင်အတွက် အရမ်းကောင်းတဲ့ ပျားရည်

ပျားရည်ဟာ အသားအရေနဲ့ ဆံပင်ကျန်းမာရေးအတွက် အလွန်အသုံးဝင်တဲ့ သဘာဝပစ္စည်း တစ်မျိုးပါ။ ပျားရည်မှာ အသားအရေ ခြောက်သွေ့မှုနဲ့ ဓာတ်မတည့်မှုကြောင့် ဖြစ်ပေါ်တဲ့ ယားယံမှုတွေကို သက်သာစေတဲ့ ဂုဏ်သတ္တိရှိပါတယ်။

ပျားရည်မှာ အသက်အရွယ်ကြီးရင့်မှုကြောင့် ဖြစ်ပေါ်တဲ့အရေးအကြောင်းတွေကို သက်သာစေနိုင်တဲ့ Antiaging ဓာတ်ပါဝင်ပါတယ်။ ဒါကြောင့်မို့ သင့်ဆံပင်နဲ့ အသားအရေ လှပစေဖို့အတွက် ပျားရည်ကို အသုံးပြုပြီး ပြုလုပ်နိုင်မယ့် နည်းလမ်းအချို့ ဖော်ပြပေးလိုက်ပါတယ်။

(၁) အိပ်ရာမဝင်ခင် နှုတ်ခမ်းပေါ်ကို ပျားရည်အနည်းငယ် သုတ်လိမ်းပေးခြင်းဟာ မနက်အိပ်ရာထချိန်မှာ သင့်နှုတ်ခမ်းသားကို စိုပြည်ချောမွေ့စေပါတယ်။

(၂) ဝက်ခြံဖြစ်တဲ့ နေရာပေါ်ကို ပျားရည်လိမ်းပေးပြီး မိနစ်အနည်းငယ်ကြာရင် ရေနွေးပြန်လည်ဆေးကြောပေးခြင်းဟာ ဝက်ခြံဖုတွေကို ပျောက်ကင်းစေနိုင်ပါတယ်။

(၃) ဆံပင်အဖျားနှစ်ခွဖြစ်နေလျှင် ပျားရည်နဲ့သံလွင်ဆီကို ရောပြီး လိမ်းပေးပါက ပျောက်ကင်းစေနိုင်မှာဖြစ်ပြီး ဆံသားခြောက်သွေ့ခြင်းကိုလည်း သက်သာစေနိုင်မှာ ဖြစ်ပါတယ်။

(၄) မျက်နှာအသားအရေ တောက်ပစေဖို့အတွက် ပျားရည်နဲ့ ရှားစောင်းလက်ပပ်ကိုရောပြီး အသုံးပြုနိုင်ပါတယ်။

(၅) ဆံသားတောက်ပလာစေဖို့အတွက် ပျားရည်နဲ့ Chamomile Tea ကို Spray အနေနဲ့ ဖျန်းပြီး အသုံးပြုနိုင်ပါတယ်။

Daisy



## Liposuction လို့ ခေါ်တဲ့ အဆီစုပ်ထုတ်ခြင်းအကြောင်း

လှချင်ပေမယ့် လေ့ကျင့်ခန်းကလည်း မလုပ်ချင်၊ အစားကလည်း မလျှော့နိုင်၊ ပိန်ဆေးတွေလည်း မသောက်ရဲကြတဲ့ သူတွေဟာ liposuction လို့ခေါ်တဲ့ အဆီတွေ စုပ်ထုတ်ပေးတဲ့ ကုသမှုမျိုးကို အသုံးပြုလာကြပါတယ်။

အဆီစုပ်ထုတ်တယ်ဆိုတာ တကယ်တော့ အလှအပပြုပြင်ခြင်း တစ်မျိုးပါပဲ။ အများအားဖြင့် ဗိုက်၊ ခါး၊ ပေါင်၊ တင်ပါး စတဲ့ နေရာတွေမှာ စုနေတဲ့ အဆီတွေကို စုပ်ထုတ်ပြီး လှပသွယ်လျတဲ့ ခန္ဓာကိုယ်ကောက်ကြောင်းလေး ပေါ်လွင်အောင် လုပ်ကြတာ ဖြစ်ပါတယ်။

### အဆီကို ဘယ်လို စုပ်ထုတ်သလဲ

အဆီစုပ်ထုတ်တာက ငွေကုန်ကြေးကျများတဲ့ ကုသမှုဖြစ်ကာ အများအားဖြင့် မေ့ဆေးပေးပြီး ပြုလုပ်လေ့ရှိပါတယ်။ ခန္ဓာကိုယ်အောက်ပိုင်း တင်ပါး၊ ပေါင် စတဲ့ နေရာတွေဆိုရင်တော့ ခါးရိုးထုံဆေးထိုးပြီးလုပ်လည်း ရပါတယ်။

အဆီထုတ်မယ့် နေရာကို မှတ်သားပြီး သွေးထွက်နည်းစေမယ့် ဆေးတွေထိုးပြီးတဲ့အခါ High-Frequency Vibrations သို့မဟုတ် Weak Laser Pulse သို့မဟုတ် High-Pressure Water Jet တွေသုံးပြီး အဆီတွေကို အရင်ချေပါတယ်။ ပြီးရင် ဓားရာပေးပြီး အဆီတွေကို စုပ်ထုတ်ပါတယ်။ သွေးနဲ့တခြားအရည်တွေကိုပါ ကုန်စင်အောင်လုပ်ပြီးရင် ဓားရာကို ပြန်ချုပ်ပြီး ပတ်တီးစည်းပါတယ်။ ကုသချိန်ဟာ ၂ နာရီကနေ ၃ နာရီခန့် ကြာမြင့်တတ်ပါတယ်။ ခွဲစိတ်တဲ့နေ့ ဆေးရုံမှာ တစ်ညအိပ်ပြီး နောက်နေ့ဆင်းလို့ ရပါတယ်။

ကုသမှုပြီးတဲ့နောက် ခါးစည်းကို ရက်သတ္တပတ် အနည်းငယ်ခန့် စည်းထားဖို့ လိုအပ်နိုင်ပါတယ်။ ဒဏ်ရာတွေကို ပိုးမဝင်အောင် ပိုးသတ်ဆေးသောက်ဖို့ လိုအပ်ပါလိမ့်မယ်။ ၁၀ ပတ်ကနေ ၁၂ ပတ်ခန့် ပြင်းထန်တဲ့ လှုပ်ရှားမှုတွေ မလုပ်ရပါဘူး။

### ဘာဆိုးကျိုးတွေ ဖြစ်နိုင်သလဲ

ခွဲစိတ်ပြီးနောက် ညိုမဲရောင်ရမ်းတာ (၆လခန့်ထိ ကြာနိုင်ပါတယ်)၊ ထုံကျဉ်တာ (၁လခွဲ၊ ၂လခန့် ကြာနိုင်ပါတယ်)၊ အမာရွတ်ကျန်တာ၊ ဒဏ်ရာကနေ အရည်တွေထွက်လာတာ၊ သွေးထွက်လာတာ၊ အနာကောင်းကောင်း မကျက်တာ၊ ခြေထောက်ခွဲရတဲ့အခါ ခြေချင်းဝတ်တွေ ဖောယောင်နေတာ၊ ခွဲထားတဲ့နေရာမှာ အသားအရောင်ပြောင်းသွားတာ၊ အနာပိုးဝင်တာတွေ ဖြစ်နိုင်ပါတယ်။


ခွဲစိတ်နေစဉ်အတွင်းမှာ မေ့ဆေး၊ ထုံဆေး ဓာတ်မတည့်တာ၊ သွေးထွက်လွန်တာ၊ အနီးနားက တခြား ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို ထိခိုက်မိတာ၊ သွေးပြန်ကြောထဲမှာ သွေးခဲဖြစ်ပြီး နှလုံးကို ရုတ်တရက် ပိတ်ဆို့သွားတာ (Pulmonary Embolism) စတဲ့ အန္တရာယ်တွေလည်း ကြုံတွေ့နိုင်ခြေ ရှိပါတယ်။

အဆီစုပ်ထုတ်တာကို လုပ်သင့်၊ မလုပ်သင့်ဆိုတာထက် အန္တရာယ်ကင်းတဲ့ ကုသမှုဖြစ်ဖို့တော့ လိုပါတယ်။ အဆီတွေ စုပ်ထုတ်ပြီးရင်လည်း စားချင်တိုင်း စားပြီး ကိုယ်လက်လှုပ်ရှားမှု မရှိရင်တော့ နောက်ထပ် နောက်ထပ် အဆီတွေ စုလာဦးမှာ ဖြစ်လို့ ကျန်းမာသော စားသောက်နေထိုင်မှုပုံစံက အဓိကကျပါတယ်။

Daisy

0-0-0-0-0-0-0

Liposuction Concept




## မိုးရာသီနဲ့လိုက်ဖက်စွာ ဝတ်ဆင်သင့်တဲ့ ဖက်ရှင်

မိုးရာသီမှာ ဖက်ရှင်ကျအောင် ဝတ်ချင်ရင်တောင် ဝတ်ရတာသိပ်အဆင်မပြေပါဘူး။ ဒါ့အပြင် မိုးမိတဲ့အခါမျိုးမှာလည်း အဝတ်အစားတွေ စိုရွှဲပြီး စတိုင်ပျက်ရတာမျိုးတွေလည်း ရှိတတ်ကြပါတယ်။

မိုးရာသီမို့ ကိုယ်သွားမယ့် နေရာမရောက်ခင် မိုးမိ၊ မိုးစိုတာမျိုးကတော့ အနည်းနဲ့အများ ဖြစ်တတ်တာကြောင့် အဝတ်အစား အပိုထည့်သွားတာ၊ အလုပ်မှာ တစ်စုံ အပိုထားတာမျိုး မဖြစ်မနေ ပြင်ဆင်သင့်ပါတယ်။ ဘယ်လို ဖက်ရှင်တွေ မိုးရာသီမှာ ဝတ်ဆင်သင့်လဲဆိုတာ ပြောပြပေးပါမယ်။

မိုးရာသီကတော့ Layer လေးတွေ ထပ်ဝတ်တာ အလိုက်ဖက်ဆုံးပါပဲ။ မိုးမရွာတာနဲ့ ပူလာတာဆိုတော့ ပြန်ချွတ်ထားရင်လည်း ရှိုးမပျက်သွားဘူးပေါ့။ ဒါတွေက ဘောင်းဘီနဲ့ ပေါ့ပေါ့ပါးပါးဝတ်သွားလည်း စတိုင်ကျသလို အခုခေတ်စားနေတဲ့ စကတ်အကားလေးတွေ၊ ဂါဝန်လေးတွေပေါ်ကနေ ထပ်ဝတ်လည်း စတိုင်ကျစေပါတယ်။

ဂျင်းကွာတားလေးတွေကလည်း မိုးရာသီမှာဆို အဆင်ပြေပါတယ်။ အပေါ်က တီရှပ်လေးနဲ့အောက်က ဂျင်းအတိုနဲ့လည်း တစ်မျိုးတော့ မိုက်နေမှာ အသေအချာပါပဲ။ ဂျင်းကို ကွာတားပုံစံမျိုး ဝတ်သလိုပဲ စကတ်ကိုလည်း သိပ်တိုတာ မရွေးပါနဲ့။

မိုးကရွာပေမယ့် သိပ်အေးတာကြီးမဟုတ်တာကြောင့် ခပ်ပါးပါး လက်ရှည်၊ ချည်ထည်လက်ရှည်တွေက ပူတတ်တဲ့သူတွေအတွက်လည်း အဆင်ပြေစေမှာပါ။

မိုးကာအင်္ကျီတွေ ဝတ်ရတာ သဘောကျတယ်ဆိုရင်တော့ မိုးကာအင်္ကျီတွေထဲမှာမှ ဒီဇိုင်းသစ်လေးတွေ ဝယ်ထားပါ။ ဒါ့အပြင် ခုနောက်ပိုင်း ခေတ်စားလာတဲ့ Holographic ပလတ်စတစ်လို အကြည်ဒီဇိုင်းအပေါ်ထပ်တွေ၊ ဂျက်ကတ်တွေ ရှာဖွေဝယ်ယူထားနိုင်ပါတယ်။

ကျောပိုးအိတ်၊ လက်ကိုင်အိတ်၊ ခါးပတ်အိတ်အကြည် ဒီဇိုင်းတွေကလည်း မိုးရာသီနဲ့ ကွက်တိဖြစ်နေမှာပါ။ အဖြူရောင်ဆိုက အခုလို မိုးစိုသွားရင် အသားမှာကပ်ပြီး ပါးသွားတာကြောင့် ရေစိုပြီး မခြောက်တဲ့အခါ ဖားဥတက်၊ မိုးရာသီမှာလည်း ဗွက်တွေ ပေတတ်တာကြောင့် အဖြူရောင်ကို မိုးရာသီမှာ မဝတ်ဆင်တာ အကောင်းဆုံးပါပဲ။

Daisy



# လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

အနာဂတ်၏ လူငယ်များ ထူးချွန်ထက်မြက်၍ ဗလငါးတန် နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ်(၃၁) အခြေခံပညာအထက်တန်းကျောင်း အောင်မေတ္တာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ် (၃၁) အခြေခံပညာအထက်တန်း ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းနိုင်က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းညိုက "တိုင်းရင်းသား မျိုးနွယ်စုရှစ်မျိုး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက "လူငယ်နှင့်ပတ်ဝန်းကျင်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ် အား/ကာဦးစီးမှူး ဦးတင်မောင်ဝင်းက "လူငယ်နှင့် အားကစား" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးဟောပြောခဲ့ကြသည်။





ဟောပြောပွဲ အခမ်းအနားတွင် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ဓပုံ)**

**(ချမ်းမြေ့)**

# ကျောက်ကပ်သွေးသန့်စင်ခြင်း၊ အလှူငွေပေးအပ်ခြင်းနှင့် ၈/၂၀၂၄ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**သရက် စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ် သွေးသန့်စင်ဌာန၏ အကြိမ်(၃၀၀)ပြည့် ကျောက်ကပ် သွေးသန့်စင်ခြင်း၊ အလှူငွေပေးအပ်ခြင်းနှင့် (၈/၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းနားတွင် သရက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာ စကားပြောကြားရာတွင် ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာနကို နိုဝင်ဘာ ၂၁ ရက် ၂၀၂၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ယနေ့ဆိုလျှင် အကြိမ်(၃၀၀) ပြည့်မြောက်သည်ဟု သိရသည်။ ကျောက်ကပ်သွေးသန့်စင်ဌာနတွင် ကျောက်ကပ်ဆေးစက် နှစ်လုံး၊ ရေသန့်စက် တစ်လုံးတို့ရှိပြီး အထူးကုဆရာဝန်(ဆေးပညာ) အပါအဝင် ကျန်းမာရေး ဝန်ထမ်း ငါးဦးတို့ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သရက်ခရိုင် ပြည်သူ့ဆေးရုံအုပ် ဒေါက်တာ ညွန့်ရွှေအောင်က အကြိမ်(၃၀၀) ပြည့်မြောက်သည်အထိ အောင်မြင်စွာ ကျောက်ကပ်သွေးသန့်စင်နိုင်ခဲ့ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းပေးခဲ့ပြီး အထက်တန်းသူနာပြုဆရာမ ဒေါ်ဝေဖြိုးအောင်က လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့ကာ ကော်မတီဝင်များက တင်ပြဆွေးနွေးပေးခဲ့သည်။ ၎င်းနောက် သရက်ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာနအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**(ကဆ)**







# ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး

**နတ်မောက် စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများအဖြစ် မြို့ပေါ်ရပ်ကွက်များ၊ ဌာနဆိုင်ရာများနှင့် အခြေခံပညာကျောင်းများသို့ စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးသည်။

အဆိုပါ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ပေါ်တွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန်၊ စာအုပ်စာပေကို ချစ်မြတ်နိုးစေရန်၊ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်ချက်ဖြင့် သုတ၊ ရသ စာအုပ်များနှင့် ကလေးငယ်များ ကြိုက်နှစ်သက်သော ပုံပြင်စာအုပ်များနှင့် ရုပ်ပြစာအုပ်များ၊ မဂ္ဂဇင်းကြိုက်နှစ်သက်သူများအတွက် မဂ္ဂဇင်းစာအုပ်များ၊ ဝတ္ထုစာအုပ်များအား စုံလင်စွာ ငှားရမ်းပေးခဲ့သည်။ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက စာဖတ်ပရိသတ်များနှင့် ကျောင်းသား၊ ကျောင်းသူများကို အားလပ်သောအချိန်များတွင် စာအုပ်စာပေဖတ်ရှုခြင်းဖြင့် စိတ်အပန်းဖြေစေရန်နှင့် အသိပညာဗဟုသုတများစွာ ရရှိစေရန်၊ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများနှင့် မြို့ပေါ်ရပ်ကွက်များသို့ အရောက်သွား၍ စာအုပ်စာစောင်များကို ရက်သတ္တပတ်နှစ်ပတ်လျှင် တစ်ကြိမ် စာအုပ်အသစ်များ လဲလှယ်၍ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) လှဝင်း**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အားကိုးထိုက်စွာ ဝိပဿနာ

\- - - - - - - - - - - - -

*
လက်ရှိခန္ဓာ ၊ မတွယ်တာနှင့်
နှောင်လာဘဝ ၊ မတောင့်တနှင့်
ကြောင့်ကြမဲ့စွာ ၊ ဝိပဿနာကို
များစွာကြိမ်ဖန် ၊ အာစိဏ္ဏကံကြောင့်
ဖောက်ပြန်စိတ်စွဲ ၊ အယူလွဲသည့်
ငရဲ မိစ္ဆာ ၊ ဖြစ်မလာဘဲ
နတ်ရွာ လူထဲ ၊ ဂတိမြဲ၏ ။

*
မီးစွဲလောင်မှ ၊ ရေကိုတသော်
မရဖြစ်အင် ၊ ပုံနှိုင်းယှဉ်၍
မဂ္ဂင် သန္ဓေ ၊ တည်မြဲနေအောင်
မသေခင်က ၊ ပြင်ဆင်ကြလျက်
သေဝ သေတွင်း ၊ ကျရောက်ဆင်းလျှင်
သေခြင်းဆိုးဝါး ၊ မဖြစ်ခြားဘဲ
ကျင့်ပွားမဂ္ဂင် ၊ ရေးရှုထင်၍
ဘဝင်ငြိမ်းပြီး ၊ သေခါနီးတွင်
အပြီးမှချ ၊ မဂ်ကိုရလိမ့် ။

*
ကိစ္စမလျှော် ၊ အကြောင်းပေါ်၍
မတော်တဆ ၊ မဂ် မရဦး
ဘဝအစွန် ၊ တမလွန်တွင်
ထူးချွန်အံ့လောက် ၊ နတ်ပြည်ရောက်ကာ
မဖောက်မပြန် ၊ သောတာပန်စစ်
ကေန်ဖြစ်မည် ၊ မှတ်စိတ်ရည်ပြီး
ရွှင်ကြည်စိတ်မျိုး ၊ ပွားကျင့်တိုး၍
အားကိုးထိုက်စွာ ၊ ဝိပဿနာကို
ဖန်ခါနေ့ည ၊ ကျင့်ဆောင်ကြ ။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**

## သတင်းပဒေသာ

### မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ရပ်စောက်)ကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အမှိုက်ရှုံ့နွံများ ဆက်လက်ရှင်းလင်းလျက်ရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ရေကြီးရေလျှံမှုကြောင့် အမှတ်(၁)ချစ်ကြည်ရေးတံတားပေါ် တင်ကျန်ရစ်သောအမှိုက်ရွှံ့နွံများကို ယမန်နေ့ ည ၇ နာရီက ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက်၊ မြို့နယ်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုးအင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို စက်တင်ဘာ ၁၆ရက် နံနက် ၇ နာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၌ မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသည့် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းကို စက်တင်ဘာ ၁၆ရက် နံနက် ၈နာရီခွဲက မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများပူးပေါင်းအဖွဲ့က ဇေယျာသီရိဈေးတွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်လာပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စာဖတ်ရှိန်မြှင့်တင်ရန်ရည်ရွယ်၍ စာဖတ်ဝိုင်း ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အထဖြစ်ပေါ်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန်ရည်ရွယ်၍ စာဖတ်ဝိုင်းကို ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ရွှေခန်းမတွင် စက်တင်ဘာ ၁၆ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## ရေဘေးသင့်ပြည်သူများသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွက် ချမ်းမြသာစည်မြို့နယ်၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၅၃လမ်းရှိ Hotel Hazel မိသားစုက အလှူငွေကျပ် ၁၃၄သိန်းကို စက်တင်ဘာ ၁၄ရက်က အဆိုပါ Hotel ၌ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း(မန္တလေး)သို့ ငွေကျပ်၂၅သိန်း၊ ဖြဟ္မပါလ လူမှုကူညီရေးအသင်း(ကူမဲ)သို့ ငွေကျပ်သိန်း၅၀၊ Alinkar Kyaw Swa(နေပြည်တော်)ငွေကျပ် ၂၅ သိန်း၊ Myanmar Belle ပရဟိတ လူငယ်အသင်းသို့ ငွေကျပ်သိန်း ၂၀၊ ရွှေမန္တလေး လူမှုကယ်ဆယ်ရေးအသင်းသို့ ငွေကျပ်ခုနစ်သိန်း၊ ဦးပေါ်မြင့်ဦးသို့ ငွေကျပ်သုံးသိန်း၊ ဦးလှိုင်မင်းဦးသို့ ငွေကျပ်တစ်သိန်း၊ မေဇင်ယုနိုင်သို့ ငွေကျပ်တစ်သိန်း၊ ဦးမျိုးဝင်းအောင်သို့ ငွေကျပ်နှစ်သိန်းစီ စုစုပေါင်းငွေကျပ် ၁၃၄ သိန်းကို အသီးသီး ပေးအပ်လှူဒါန်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများသို့ မန္တလေးမြို့ပြည်သူများက စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ မီးဖိုချောင်သုံးအသုံးအဆောင်များနှင့် ဆေးဝါးများကို စုပေါင်း၍လည်းကောင်း၊ အသင်းအဖွဲ့များမှတစ်ဆင့်လည်းကောင်း ဝိုင်းဝန်းလှူဒါန်းလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)




## ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၇**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ ချမ်းမြသာစည်မြို့နယ်သို့ မန္တလေးမြို့နေ ဦးကျော်မျိုးထွန်း + ဒေါ်ရီရီစု သုခသစ္စာဆေးဆိုင် မိသားစုမှ ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင် အပါး(၃၀)အတွက် ငွေကျပ် ဆယ်သိန်းငါးသောင်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်းနှင့် ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(ကဆ)



## အရန်မီးသတ်တပ်ဖွဲ့နှင့် အလှူရှင်များက (၁၆၉)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉ လမ်း၊ ၈လမ်းနှင့် ၉လမ်းကြားရှိ ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့တွင်စတင်၍ ရပ်ကွက်အတွင်း လေးပြင်၊ လေးရပ်မှ ဆွမ်းခံကြွရောက်လာသော ရဟန်း၊ သံဃာအပါး ၁၅၀တို့အား မြို့နယ်အရန် မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)တပ်ခွဲမှူး မောင်မောင်(ခ)ဇော်ဝင်းအောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် စေတနာရှင်၊ အလှူရှင်များ ပူးပေါင်း၍ ဆွမ်း၊ ကြက်သားအာလူးချက်၊ ကုလားပဲချက်၊ ငါးလေးခြောက်၊ ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ်စသည့် ဆွမ်း၊ ဆွမ်းဟင်းများဖြင့် (၁၆၉)ကြိမ်မြောက်အဖြစ် ဘုံဆွမ်းလောင်းလှူကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၃)

*- *- *- *- *

## မန္တလေးတိုင်း သဘင်အစည်းအရုံးနှင့် မန္တလေးသဘင်လူမှုကူညီရေးအဖွဲ့ ရေဘေးသင့်ပြည်သူများ လှူဒါန်းရန် လှည့်လည်ဖျော်ဖြေ

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံးနှင့် မန္တလေးသဘင်လူမှုကူညီရေးကော်မတီမှ ဦးဆောင်ကာ ရေဘေးသင့်ပြည်သူများအား လှူဒါန်းနိုင်ရန်အတွက် စက်တင်ဘာ ၁၅ ရက်မှ စတင်ပြီး မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)ဒုတိယဥက္ကဋ္ဌ မင်းသားဝင်းနောင်၊ အတွင်းရေးမှူး ဦးနေဝင်း၊ ဗဟိုအမှုဆောင် ဒေါ်မြတ်နုသွေး၊ မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးပစ်တိုင်းထောင်၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဘဏ္ဍာရေးမှူး ဦးမင်းသူ၊ ဗဟိုသဘင် ဥပဒေပညာရှင် ဒေါ်အေးမွန်တင်သိန်းတို့ ဦးဆောင်၍ မဟာအောင်မြေမြို့နယ်၊ လမ်း ၄၀ရှိ လောကနတ်သဘင်ခန်းမရှေ့မှ စတင်၍ အလှပြယာဉ်ဖြင့် သဘင်ပညာရှင်များက ဖျော်ဖြေပြီး၊ မန္တလေးမြို့ရှိ ဇာတ်သဘင်ချစ်သူများထံ ရေဘေးကယ်ဆယ်ရေး အလှူခံထွက်ခဲ့ကြသည်။

စေတနာအလှူရှင်များဖြစ်သော ဦးအေးသွင် + ဒေါ်သဲမာ(ကေခိုင်ရေသန့်)မိသားစုက ငွေကျပ် ၁၃သိန်း၊ ဦးအောင်ကျော်စိုး + ဒေါ်သီတာမိသားစုက ငွေကျပ် ၁၀သိန်းအပါအဝင် စက်တင်ဘာ ၁၅ရက်က မန္တလေးမြို့တွင် အလှူခံရရှိငွေကျပ် ၁၀၀၅၀၀၀၀ အပါအဝင် စေတနာအလှူရှင်များက စက်တင်ဘာ ၁၆ရက်အထိ ငွေကျပ် ၁၃၃၀၇၀၀၀ ရရှိခဲ့ပြီး မန္တလေးသဘင်လူမှုကူညီရေးအဖွဲ့သို့ ရေဘေးသင့်အလှူငွေ လှူဒါန်းလိုပါက ဖုန်း ၀၉-၇၇၀၀၇၇၃၉၉၊ ဖုန်း-၀၉၇၇၅၅၄၄၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

မောင်ပြည်သူ(မန္တလေး)



# ထူးခြားရာသီဥတုဖောက်ပြန်မှုနှင့် ယခုစက်တင်ဘာလ၏ မန္တလေးမိုးရွာသွန်းမှု တစေ့တစောင်း

မန္တလေး၌ ယခုရက်ပိုင်း မိုးအဆက်မပြတ်ရွာသွန်းနေရာမှ စာရေးသူအတွေးတစ်ခုပေါ်လာပြီး ဤဆောင်းပါးကို ရေးဖြစ်ခြင်း ဖြစ်သည်။

လူသားတို့နေထိုင်ရာ ကမ္ဘာကြီးက လူသားတို့ကို မွေးဖွားရှင်သန် ရပ်တည်ခွင့်ပေးခဲ့ပြီး လူသားနှင့်တိရိစ္ဆာန်တို့အတွက် နေစရာ၊စားစရာနှင့် ရှူရှိုက်စရာ လေကောင်းလေသန့်ကအစ ဖြည့်ဆည်းပေးနေခဲ့၍ အင်မတန်မှပင် ကျေးဇူးများသည့် ကမ္ဘာမြေဖြစ်ပါသည်။ ဤကမ္ဘာကြီးသည် ကုန်းမြေ တောင်တန်း၊ တောအုပ်သစ်ပင်သစ်တောများနှင့် မြစ်ချောင်း၊ ပင်လယ်သမုဒ္ဒရာ၊ တိရစ္ဆာန်ပိုးမွှား အင်းဆက်တို့ရှိရာ ယင်းတို့အချင်းချင်း ညီညွတ်ဂေဟသဟဇာတဖြစ်မှုကြောင့် နှစ်ပေါင်းသန်းချီ ရပ်တည်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ သဟဇာတဖြစ် ညီညွတ်ခဲ့သော်လည်း ၁၉ရာစုနှောင်းပိုင်းနှင့် ၂၀ရာစုအတွင်းလည်းကောင်း၊ ယခု ၂၁ရာစုထဲဝင်လာပြီး နှစ်ပေါင်း ၂၄နှစ်အတွင်းမှာလည်းကောင်း ထူးခြားသည့် ရာသီဥတုဖောက်ပြန်မှုများ ကြုံတွေ့လာကြရသည်မှာ စာဖတ်သူအများ သိကြပြီးဖြစ်ပါတယ်။

အကြမ်းဖျင်းအားဖြင့် ပြင်းအားရှိ မုန်တိုင်းများကြောင့် လည်းကောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် သမုဒ္ဒရာကြမ်းပြင် အောက်ခြေမြေလွှာ၊ ကျောက်လွှာများ လှုပ်ရှား၍လည်းကောင်း၊ သမုဒ္ဒရာရေများ ကမ်းကိုတက်လာပြီး ကမ်းရိုးတန်းဒေသနေ အိုးအိမ်တိုက်တာ၊ ယာဉ်များပျက်စီး၍ လူနှင့်သတ္တဝါတို့ သေကြေပျက်စီး ဒုက္ခရောက်ရခြင်း၊ မိုးအဆက်မပြတ်ရွာသွန်းမှု၊ ရွာသွန်းမြဲထက် အဆများစွာ ပိုမိုရွာသွန်းမှုတို့ကြောင့် မြေတွင်းအစိုဓာတ်များကာ တောင်ကမ်းပါးယံများ ပြိုကျခြင်း၊ မြေများ အက်ကွဲကျိုးပြတ်ခြင်းတို့ကြောင့် လူ၊ တိရစ္ဆာန်များ သေကြေရသလို ယာဉ်များ ပျက်စီးဆုံးရှုံးရခြင်းနှင့်မြစ်ချောင်းများ ရေကြီးရေလျှံ၍ ပျက်စီးဆုံးရှုံးရမှုများ ကမ္ဘာအနှံ့နှစ်စဉ်ကြုံတွေ့နေရပါတယ်။ ယင်းအန္တရာယ်များကို ကြိုတင်ကာကွယ်မှုအထိုက်အလျောက် လုပ်ဆောင်ထားခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့မှတစ်ပါး အခြားမည်သို့မျှ မတတ်နိုင်ပေ။

စာရေးသူသည် ဤဆောင်းပါးကို ရေးသားရန်အချို့သော အချက်အလက်များကို မန္တလေးတိုင်းဒေသကြီး၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနနှင့် ဆက်သွယ်ခဲ့ရာ တာဝန်ရှိသူများမှလည်း စိတ်ရှည်လက်ရှည် ပြောပြပေးခဲ့လို့ များစွာကျေးဇူးတင်ရပါတယ်။

ယခု စက်တင်ဘာလဟာ မြန်မာနိုင်ငံရဲ့ မိုးနှောင်းပိုင်းသို့ ရောက်ရှိစဖြစ်သော်လည်း မိုးများနေကြ မြန်မာနိုင်ငံအောက်ပိုင်းသာမက မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် နိုင်ငံအနှံ့အပြားတွင်ပါ ထူးခြားသည့် မိုးသည်းထန်မှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ စက်တင်ဘာ ၁၂ ရက်က မီဒီယာတစ်ခုမှ အသံလွှင့်သွားရာ တပ်ကုန်းမြို့နယ်ထဲက ဆင်သေချောင်း အတော်ပင်ရေတက်နေကြောင်းနှင့် အိမ်ခေါင်မိုးအနီး ထုပ်တန်းပေါ်ထိ မိသားစုဝင်များတက်နေရသည့် ပုံကို မြင်လိုက်ရပါတယ်။

ကမ္ဘာနှင့်အဝန်း ရာသီဥတုဖောက်ပြန်မှု အကျိုးဆက်များကို ယခု၂၁ရာစုထဲတွင် နှစ်စဉ်လို ခပ်စိတ်စိတ်ကြုံတွေ့နေကြရပါတယ်။ နဖူးတွေ့ဒူးတွေ့အနေဖြင့် စာရေးသူတို့ မြန်မာနိုင်ငံတွင် ယခု



စက်တင်ဘာလ ဒုတိယပတ်ထဲမှာ ထူးခြား မိုးသည်းထန်ပြီး မြစ်ချောင်းများ ရေကြီးရေလျှံမှုတို့က သက်သေပင်ဖြစ်ပါတယ်။

ဆက်စပ်၍ ရုပ်သံသတင်းများအရ စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်း ယခု စက်တင်ဘာ ၇ရက်မှ ၁၃ရက်အတွင်း မြန်မာပြည်တွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်တိုင်းအတွင်း မြို့နယ် ၇မြို့နယ်တွင် ထူးခြားတဲ့ မိုးရေချိန်စံချိန်သစ်များ တင်ခဲ့သည်ဟု သိရပါတယ်။ ဒါတွေက သာစည်မြို့၊ ရမည်းသင်းမြို့တို့ အပါအဝင် ရှမ်းပြည်နယ်မှ ပင်လောင်း၊ ကလော၊ တောင်ကြီးမြို့တို့လည်း ပါဝင်ပါတယ်။

ဤရက်သတ္တပတ် ၇ရက်အတွင်း မြန်မာပြည်အဝန်း မိုးကြီးမှုကြောင့် စက်တင်ဘာ ၁၃ရက်မှာ ရှမ်းတောင်ကလော၊ အောင်ပန်းမြို့တွင်လည်းကောင်း၊ ယင်းမြို့များသို့ အတက်လမ်းများ တွင်လည်းကောင်း၊ မန္တလေး-ရန်ကုန်အမြန်လမ်း မိုင်တိုင် ၃၅၆၊ ၃၅၅၊ ၃၅၄မိုင်တိုင်တို့တွင် ရေကျော်နိုင်ခြေရှိ၍ ကားများဖြတ်ခွင့် ကားလမ်းများပိတ်ထားနိုင်ကြောင်း အခြားသတင်းများအရလည်း သိရပါတယ်။

ယခုကဲ့သို့ မိုးနှောင်းစ ကာလမှ ထူးခြားမိုးသည်းထန်ရခြင်းသည် မြန်မာနိုင်ငံတဝန်း၏ အထက်ကောင်းကင်ယံမှာ လေပူလှိုင်းတွေ စုနေခဲ့လို့ဖြစ်ကြောင်းသိရပြီး ဒီလေပူလှိုင်းတွေ ဘယ်ကလာသလဲဆိုတော့ မြန်မာနိုင်ငံ အရှေ့တောင်ဘက်မှာရှိတဲ့ ပစိဖိတ်သမုဒ္ဒရာက လာသလို မြန်မာနဲ့အိန္ဒိယရဲ့ အနောက်ဖက်က ကာရစ်ဘီယံ ပင်လယ်ကလည်း လာတာဖြစ်တယ်။ ဒီနှစ်နေရာကနေလာတဲ့ လေပူတွေဟာ မြန်မာနဲ့အိန္ဒိယကနေကျော်ပြီး ဟိမဝန္တာတောင်တန်းတွေဆီရောက်၊ အဲဒီကမှ ပြန်ဆင်းလာကာ မြန်မာပြည်ပေါ်ကို ရောက်လာတယ်လို့ အကြမ်းဖျင်းသိရပါတယ်။

စာရေးသူတို့နိုင်ငံ၊ မိုးဇလဌာန၏ တိုင်းတာထုတ်ပြန်ချက်များအရ စက်တင်ဘာ ၁၁ရက်နေ့မှ စက်တင်ဘာ ၁၂ရက်၊ (၂၄)နာရီအတွင်း မှတ်သားဖွယ်ရာ မိုးရေချိန်တို့ကတော့ ကျောက်ဖြူမြို့မှာ ၉ ဒသမ ၈၈ လက်မ၊ ပခုက္ကူမြို့ ၉ ဒသမ ၃၃ လက်မ၊ ဘားအံမြို့ ၉ ဒသမ ၀၅ လက်မ၊ ညောင်ဦးမြို့ ၈ ဒသမ ၅၁ လက်မ၊ အမ်းမြို့ ၆ ဒသမ ၀၆ လက်မ၊ ကျောက်ပန်းတောင်းမြို့ ၆ ဒသမ ၀၀ လက်မ၊ ပျော်ဘွယ်မြို့ ၅ ဒသမ ၉၇ လက်မ၊ မိတ္ထီလာမြို့ ၅ ဒသမ ၆၃ လက်မ၊ ပိုင်ကျုံမြို့ ၅ ဒသမ ၁၀ လက်မ၊ ညောင်ဦး (လေကြောင်း မိုးလေဝသ) ၄ ဒသမ ၉၆ လက်မနှင့် ချောက်မြို့တို့မှာ ၄ ဒသမ ၇၂ လက်မတို့ အသီးသီး ဖြစ်ကြောင်း သိရပါတယ်။

ကမ္ဘာကြီးရဲ့ မူလဂေဟစနစ်နဲ့ ရာသီဥတုအပြန်အလှန် ထိန်းညှိမှုဟာ လူတွေကြောင့် ပြောင်းလဲဖောက်ပြန်လာတာကို ကမ္ဘာ့ပညာရှင်များက သတိပြုမိသလို ကမ္ဘာ့ပြည်သူများကိုလည်း သတိပေးခဲ့ကြပါတယ်။

ဒါပေသိ ကမ္ဘာ့လူသားတစ်ရပ်လုံး နှစ်ပေါင်းများစွာက သတိမထား အမှုမဲ့အမှတ်မဲ့နဲ့ နေလာခဲ့ကြပြီး သဘာဝပတ်ဝန်းကျင်ကို မထီမဲ့မြင်ပြုခဲ့မှု၊ ပြည်သူနဲ့နိုင်ငံအကျိုးစီးပွားအတွက်ပဲဆိုပြီး စီမံကိန်းများစွာအတွက် ဖွံ့ဖြိုးရေး ဆောင်ရွက်ခဲ့ကြရာမှ တောတွေ ပြုန်းလို့၊ အပူချိန်တွေမြင့်တက်၊ မြေဆီလွှာတွေ၊ သဘာဝဂေဟစနစ်တွေပျက်စီး၊ ရေခဲတောင်တွေ အရည်ပျော်၊ သမုဒ္ဒရာတွင်းက ရေပူစီးကြောင်း၊ ရေအေးစီးကြောင်းတွေ ပြောင်းလဲကာ တဖြည်းဖြည်းနဲ့ ကမ္ဘာ့ရာသီဥတုဟာ ပုံမှန်သဘာဝကနေ ပြောင်းလဲဖောက်ပြန်မှု အစပြုခဲ့ရတာပါပဲ။ ဒါကြောင့် ကမ္ဘာ့မိသားစုဝင် စာရေးသူတို့မြန်မာနိုင်ငံမှာလည်း ဆိုးကျိုးတွေ သက်ရောက်လာတဲ့သဘောပါ။

မြန်မာပြည်မှာ ဥတုရာသီဖောက်ပြန် ကမောက်ကမ ဖြစ်လာတာကို မိုးရာသီတွင်း မိုးရွာသွန်းမှု ပြောင်းလဲလာမှုတစ်ချက်နဲ့ ထောက်ဆ ကြည့်ကြရအောင်။ မိုးရာသီမှာပဲ မိုးဟာနည်းလိုက် များလိုက် မမှန်တာ၊ မိုးစနဲ့မိုးလယ်မှာ မိုးရွာနည်းခဲ့တာတွေကိုတွေ့ရပြီး ခုမိုးနှောင်းစမှာ မိုးကြီးတာတွေ တွေ့နေရပါတယ်။ စာရေးသူတို့ နေထိုင်ရာ မန္တလေးကို ကြည့်မယ်ဆိုရင် မိုးလေဝသနဲ့ဇလဗေဒဌာနမှတ်တမ်းများအရ မန္တလေးရဲ့ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်ဟာ ၃၅ ဒသမ ၁၈လက်မ ဖြစ်ပါတယ်။ ဒီဘက်နှစ်ပိုင်းတွေမှာ ပုံမှန်ထက် ပြောင်းလဲလာမှုတစ်ခုက ၂၀၁၀ခုနှစ်နောက်ပိုင်းမှာ မိုးလယ်အစဖြစ်တဲ့ ဇူလိုင်လရဲ့ မိုးရေချိန်ဟာ ၂၀၁၂ ခုနှစ် ဇူလိုင်လမှာ ၀ ဒသမ ၄၇ လက်မပဲ ရှိခဲ့တာမို့ ၁၉၈၇ မှ ၂၀၂၄ခုနှစ်ထိ ၃၈နှစ်တာကာလအတွင်း မိုးအနည်းဆုံး ဖြစ်ခဲ့ပါတယ်။ ဒုတိယအနည်းဆုံးကတော့ ၂၀၀၉ ခုနှစ်ကပါ၊ အဲဒီနှစ် ဇူလိုင်လ မိုးရေချိန် ၀ ဒသမ ၅၅ လက်မပါ။အဲ တတိယအနည်းဆုံးကတော့ ဒီနှစ် ၂၀၂၄ခုနှစ်ပါပဲ၊ ဒီနှစ်မှာ ဇူလိုင်လ မိုးရေချိန် ၀ ဒသမ ၅၉ လက်မပါ။

မန္တလေးရဲ့ မိုးရွာသွန်းမှုတွေကို ဆက်ပြောရရင် ဒီနှစ် ၂၀၂၄ မှတ်သုံဝင်စအချိန် မေလမှာ ၁ ဒသမ ၅၀လက်မ၊ ဇွန်လမှာ ၃ ဒသမ ၄၆ လက်မရှိခဲ့ပါတယ်။ ဇူလိုင်လကလည်း အထက်က ပြောခဲ့သလို အတော်နည်းခဲ့ပါတယ်။ ခု စက်တင်ဘာမှာတော့ စာဖတ်သူများ သိတဲ့အတိုင်း မန္တလေးမှာ ၁ ရက်ကနေ ၃ရက်ထိလည်းရွာခဲ့တယ်။ ၉ ရက်နေ့ကစပြီး နေ့ ၁၃ရက်နေ့တိုင် ၅ရက်ရှိခဲ့ပါပြီ၊ နေ့ရော ညရော ရွာနေခဲ့ပါတယ်။ ခု မုန်တိုင်းသတင်းတစ်ခုပါ ထပ်ကြားလာလို့ မိုးဆက်မယ့် သဘောဖြစ်နေပြန်ပါတယ်။

မိုးရွာတာလိုအပ်တာထက်ပိုတော့ ဘာဖြစ်လဲဆိုရင် လမ်းတွေပေါ်ရေတက်ကာ သွားရလာရခက်မယ်၊ရေဆင်းမကောင်းရင် လမ်းတွေပျက်မယ်။ မိုးများတဲ့အတွက် ရေကြောင်း၊ လေကြောင်း ခရီးသွားလာမှုနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ အထိုက်အလျောက် ထိခိုက်နိုင်မှာဖြစ်ပါတယ်။ မန္တလေးတိုင်းနဲ့ ပဲခူးတိုင်းအတွင်းမှာရှိတဲ့ ဆည်တွေ စိုးရိမ်ရေမှတ်နီးထိရောက်လို့ ရေပိုလွှဲကနေ ဖောက်ချရတာတွေရှိလို့ အထက်ကပြောခဲ့သလို နေရာအချို့မှာ ရေကြီးရေလျှံမှုတွေဖြစ်လို့ နေထိုင်မှု၊ စားသောက်မှု အခက်အခဲတွေဖြစ်ကာ ကျန်းမာရေး ထိခိုက်မှုတွေ ဆက်ဖြစ်လာနိုင်ပါတယ်။

မိုးသည်းမှုကြောင့် မြစ်ချောင်းတွေ ရေကြီး၊ မြို့ရွာတွေ ရေဝင်ရသလို အိုးအိမ်တွေ ဆုံးရှုံးမှုဖြစ်ရတယ်၊ ဒီပြင် စိုက်ခင်းတွေ ပျက်စီးရသလို တိရစ္ဆာန်၊ ကျွဲနွားတွေလည်း ဒုက္ခရောက်သလို ရေအသိုးတွေကြောင့် ရောဂါတွေလည်း ဖြစ်နိုင်ပါတယ်။ ဒါတွေဟာ ကြိုတင်တွက်ဆထားရမှာဖြစ်ပြီး သဘာဝဘေးအတွက် ခုလိုဖြစ်လာချိန်မှာ ကြိုတင်စီမံဇာတ်တိုက်ထားတဲ့အတိုင်း သက်ဆိုင်ရာဌာနများက ဆောင်ရွက်ကြမှာဖြစ်သလို လူမှုကူညီရေးအဖွဲ့များကလည်း ဝိုင်းဝန်းဆောင်ရွက်ကြမှာဖြစ်ပါတယ်။

သို့သော် ကြိုတင်တွက်ဆခြင်းနှင့်လက်တွေ့ဖြစ်ပေါ် ရင်ဆိုင်မှုတွေက မတူကွဲပြားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကြိုတင်သတိပေးချက်ရသည်၊ သိသည်၊ မသိသည်ဖြစ်စေ မိမိတို့ဒေသဖြစ်ပေါ်နေကျနဲ့ပြောင်းလဲတတ်တဲ့ အခြေအနေပေါ်မူတည်ပြီး အရေးပေါ်ရေဘေး အခြေအနေကြုံရတဲ့ အချိန်မျိုးမှာ စာရေးသူတို့ရဲ့ မီဒီယာရုပ်သံ၊ သတင်းစာတွေက သတိပေးထားတဲ့ အရေးပေါ်အခြေအနေ ကြိုတင်စီမံထားရမှာမျိုးတွေကို ကာယကံရှင်မိသားစုတွေ ကြိုတင်စီစဉ်ထားကြရင် အခက်အခဲကြုံရချိန်မှာ သက်သာရာ ရနိုင်ပါတယ်။ ဥပမာအားဖြင့် သက်ကယ်ဝတ်စုံ၊ လှေ၊ဖောင်စီစဉ်ထားတာတွေ၊ သောက်ရေသန့်၊ ရိက္ခာခြောက်နဲ့ ဆောင်ထားသင့်တဲ့ဆေးဝါးတွေ၊ ဒီပြင် ဖုန်း၊ အားသွင်းကိရိယာ၊ အားဖြည့် pack စသည်ဖြင့်နဲ့ မိမိတို့ တစ်ကိုယ်ရေနေ့စဉ်သုံး မဖြစ်မနေ လိုအပ်တဲ့ ပစ္စည်းတွေကို ကြိုတင်ထုပ်ပိုးထားရမှာဖြစ်ပါတယ်။

အချုပ်အားဖြင့်တော့ သဘာဝဘေးအန္တရာယ်ဆိုတာခုလို ကမ္ဘာ့ဂေဟစနစ် ချို့ယွင်းလာတဲ့ကာလမှာ ဖြစ်နိုင်ချေတွေ စိပ်လာနိုင်တာမို့ မိမိတို့ နေ့စဉ်နေထိုင်မှုဘဝ ဖြတ်သန်းနေရတာနဲ့ ယှဉ်ထိုးပြီး ဘယ်လိုပြင်ဆင်ထားကြမလဲ ဆိုတာကို အကြံပြုရင်း မန္တလေးသူ၊ မန္တလေးသားအပေါင်း၊ မြန်မာပြည်သူအပေါင်း ယခုရေကြီးရေလျှံ ဒုက္ခဘေးမှ ကင်းဝေးနိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါတယ်။ ။

**ရေချမ်း - မန်း**



National Honorable Mention ဆုရရှိသော ပြည်စိုးထွန်း၏ဓာတ်ပုံ



National Award ဆုရရှိသော မောင်ထက်၏ဓာတ်ပုံ

## အာဆီယံဇီဝမျိုးစုံမျိုးကွဲ ဓာတ်ပုံပြိုင်ပွဲ မြန်မာက နှစ်ဆုရရှိ

**မန္တလေး စက်တင်ဘာ ၁၇**

ထိုင်းနိုင်ငံတော်ဝင်ဓာတ်ပုံအသင်း(RPST)မှ ကြီးမှူး၍ ၂၀၂၄ ခုနှစ် အာဆီယံဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲကျင်းပရာ အာဆီယံနိုင်ငံများမှ ဓာတ်ပုံပညာရှင်များက ဓာတ်ပုံပေါင်း(၆၇၀၀၀)ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံမှ National Award ဆုကို မောင်ထက်ကလည်းကောင်း National Honorable Mention ဆုကို ပြည်စိုးထွန်း(ကော့သောင်း)ကလည်းကောင်း ရရှိကြသည်။

အမြင့်ဆုံးဆု Grand Prize ဆုကို ဗီယက်နမ်နိုင်ငံမှ Ho Trung Lam က ရရှိသွားသည်။ ချီးမြှင့်သော ဆုများမှာ Grand Prize ဆု အမေရိကန်ဒေါ်လာ ၂၈၆၀၊ National Award ဆု ကိုးဆုအတွက် တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၈၅၀၊ National Honorable Mention ဆု (၃၀) အတွက် တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၂၈၅နှင့် စုစုပေါင်းဆုကြေးငွေ အမေရိကန်ဒေါ်လာ နှစ်သောင်းကျော် ချီးမြှင့်သွားမည်ဖြစ်သည်။

ဓာတ်ပုံပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများမှ ပြည်သူများကို လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်အရ တွန်းအားပေးရန် ရည်မှန်းပြီး ရေရှည်တည်တံ့ခိုင်မြဲစွာ နေထိုင်ရန်၊ ၎င်းတို့၏ ဘဝများကို ဟန်ချက်ညီစေကာ ပိုမိုကောင်းမွန်သော ကမ္ဘာတစ်ခုဖန်တီးပေးရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။ ဓာတ်ပုံပြပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာလကုန်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ (QSNCC)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၉၁)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေး)မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**ကျောက်ဆည် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကျောက်ဆည်ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထားရှိရာ ရေဘေးသင့်ပြည်သူများအတွက် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း (မန္တလေး) မှ လာရောက်လှူဒါန်းသော ထောက်ပံ့ပစ္စည်းများ စနစ်တကျလက်ခံထားရှိပြီး လိုအပ်လျက်ရှိသည့် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ပေးအပ်လှူဒါန်းပေးလျက်ရှိသည်။

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေး)မှ စောင် ၁၀၀ ထည်၊ မိုးရာသီစီးဖိနပ် ၃၆ ရံ၊ ကလေး၊ လူကြီးကျား၊ မ အရွယ်မျိုးစုံ ဝတ်ဆင်နိုင်သည့် အထည် ၁၀၀ထည် လာရောက်လှူဒါန်းခဲ့ပြီး ကျောက်ဆည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဘဏ္ဍာငွေရှာဖွေရေးနှင့် ထောက်ပံ့ပစ္စည်းများလက်ခံရေးလုပ်ငန်းအဖွဲ့အနေဖြင့် ရေဘေးသင့်ပြည်သူများအတွက် ရေဘေးအလှူငွေကျပ်သိန်း ၆၀နှင့် ထောက်ပံ့ရေးပစ္စည်းများစတင်လက်ခံ ဆောင်ရွက်၍ အမှန်တကယ် လိုအပ်သည့် ကျေးရွာပြည်သူများထံ အရောက်ပို့ဆောင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (ကဆ)



## ရေကြီးနစ်မြုပ်မှုကြောင့် လယ်ယာမြေများ ထိခိုက်မှုမရှိစေရေး ပြုစုထိန်းသိမ်းရာတွင် လိုက်နာရမည့်အချက်များ အသိပညာပေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ကျောက်ဆည် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ဇော်ဂျီ၊ ပန်းလောင်၊ စမုံမြစ်ရေများ လျှံတက်မှုကြောင့် လယ်ယာမြေများတွင် ရေများဝင်ရောက်ခဲ့ရာ ကျောက်ဆည် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ရေကြီးနစ်မြုပ်မှုကြောင့် လယ်ယာမြေများ ထိခိုက်မှုမရှိစေရေး ပြုပြင်ထိန်းသိမ်းရာတွင် လိုက်နာရမည့်အချက်များအား စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ (ဓဲပုံ)



လယ်ယာမြေပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာ၌ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများနှင့်ဝန်ထမ်းများက မြစ်ရေဝင်ရောက်သည့် ကျေးရွာများသို့ ကွင်းဆင်း၍ တောင်သူများနှင့် တွေ့ဆုံကာ ရေကြီးနစ်မြုပ်မှုဒဏ်ခံနိုင်သည့် စပါးခင်းများတွင် ရေဝင်ရောက်မှုကြောင့် စပါးပင်များအရပ်ရှည်ကာ အပင်ပျော့နေမည်ဖြစ်သောကြောင့် ရေကျချိန်တွင် ရေများကို ထိန်း၍လျှော့ချရေး၊ အပင်ပွားစည်းချိန်ဖြစ်ပါက ပင်ပွားထွက်ရှိမှုကောင်းစေရန် ရေပြောင်အောင်ထုတ်ပေးရေး၊ ကောက်ပင်များကျဲသွားပါက ပြန်လည်ဖာပေးရေး၊ ကောက်ပင်လှုန်နိုင်မှုအားကောင်းစေရန် ရေထုတ်ပေးခြင်း၊ တစ်ဧကတွင် ကျောက်မှုန့် ၁၁၂ ပေါင်ကြဲပက်ခြင်း၊ အပင်လှန်ပြီးချိန်တွင် ယူရီးယားဓာတ်မြေဩဇာနှင့် ကွန်ပေါင်းဓာတ်မြေဩဇာကို (၁း၁) နှုန်းဖြင့် တစ်ဧက ၅၆ ပေါင်နှုန်း ထည့်သွင်းပေးခြင်း၊ စပါးပင် အနံ့ လောင်းဖြစ်ချိန်တွင် စပါးတစ်ဧက ပိုတက်ရှ်ဓာတ်မြေဩဇာ (၄)ပုံ (၁) ပုံနှုန်း ထည့်သွင်းပေးခြင်း၊ အဆန်ပြည့်ဝမှုပိုမိုကောင်းမွန်စေရန် အနှံမထွက်မီ ၅ ရက်ခန့်အလို ဖုံးတုံးလုံးတုံးအချိန်တွင် တစ်ဧက ယူရီးယားဓာတ်မြေဩဇာ ၂၈ ပေါင်နှင့် နွားချေး(သို့မဟုတ်)မြေဆွေးရောစပ်၍ မဖြစ်မနေအသုံးပြုရေး၊ ရေထုတ်မရပါက အနည်းလိုအာဟာရ ဓာတ်များပါဝင်သည့် ရွက်ဖျန်းမြေဩဇာတစ်မျိုးမျိုးကို နှစ်ပတ် တစ်ကြိမ် တစ်ဧက ၅၀၀ စီစီတစ်ပုလင်းနှုန်း ပက်ဖျန်းပေးခြင်း၊ ပိုးမွှားများကျရောက်သည့်အတွက် မပြတ်ကြည့်ရှုစစ်ဆေး၍ ကြိုတင်ကာကွယ်ရန်နှင့် ရေစီးရေလာကောင်းမွန်ရန် လယ်ကြားမြောင်းများအား ရှင်းလင်းရေး၊ လိုအပ်ပါက နီးစပ်ရာစိုက်ပျိုးရေးဦးစီးဌာနများနှင့် ဆက်သွယ်၍ အကူအညီများ တောင်းခံရေးစသည့် အသိပညာပေးအကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့ပြီး လက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၄၈၅)

## ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရေနံချောင်း စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် ကြက်ခြေနီအသင်းရုံးတွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌပါမောက္ခ ဒေါက်တာမျိုးညွန့်မှ ပေးပို့သော ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့၊ အထိမ်းအမှတ်သဝဏ်လွှာအား မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌဦးဇော်ဝင်းနိုင်က ဖတ်ကြားသည်။

ထို့နောက်မြို့နယ်ကြက်ခြေနီအသင်းခွဲတပ်ဖွဲ့မှူး ဦးကျော်စိန်မြက သူနာပြုစွမ်းရည်ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲအား ဆက်လက်ကျင်းပသည်။ သူနာပြုစွမ်းရည်ပြိုင်ပွဲမှ ဆုရသူများအား မြို့နယ် ကြက်ခြေနီ အသင်းခွဲဥက္ကဋ္ဌဦးဇော်ဝင်းနိုင်နှင့် အမှုဆောင်များ၊တပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဓဲပုံ)

(၄၇၂)

## ရပ်ကွက်ကျေးရွာများအား သောက်သုံးရေနှင့် စားနပ်ရိက္ခာများ ပေးဝေ

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းဦးဆောင်သော မန္တလေးခရိုင်မှ ရှာဖွေကယ်ဆယ်ရေးတပ်စုတစ်စု ၃၅ ဦး၊ ကျောက်ဆည်ခရိုင်နှင့် မြစ်သားမြို့နယ်မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၄ ရက်က မြစ်သားမြို့နယ် ရေဝင်ကျေးရွာများနှင့် ရပ်ကွက်များအား ကူညီကယ်ဆယ်ပြောင်းရွှေ့ခြင်းလုပ်ငန်း၊ သောက်သုံးရေနှင့် စားနပ်ရိက္ခာများ လိုက်လံပေးဝေခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ဝ၄၅)





## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ခရိုင်အဆင့် နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

**မင်းဘူး စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ခရိုင်အဆင့် နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မင်းဘူးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မင်းဘူးခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်အဆင့် သင်တန်းနည်းပြခန့်အပ်လွှာများကို ပေးအပ်ခဲ့ရာ သင်တန်းသား ဦးအေးချိုဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြပြီး ခရိုင်အဆင့်နည်းပြသင်တန်းကို စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်ထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

(၅၀၄)



## ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား ထောက်ပံ့ငွေများ ပေးအပ်

**ပခုက္ကူ စက်တင်ဘာ ၁၇**

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြုတည်ထောင်ခွင့်ပြုမိန့်ရသည့် ပခုက္ကူခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၁နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန္တာဦးက စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့ငွေများ ပေးအပ်ပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူခရိုင်အတွင်း လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု တည်ထောင်ခွင့်ပြုမိန့်ရသည့် ဘိုးဘွားရိပ်သာ နှစ်ခု၊ မျက်မမြင်ကျောင်း တစ်ကျောင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၁ကျောင်းတို့အတွက် ထောက်ပံ့ငွေကျပ် ၁၉၅၇၈၀၀၀ အား ခရိုင်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)** (၃၄၀)

## ပုသိမ်ကြီးမြို့နယ်မှ ရေဘေးသင့် မြို့နယ်များအား ထမင်းဘူးနှင့် ရေသန့်များသွားရောက်လှူဒါန်း

**ပုသိမ်ကြီး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ မြို့နယ်အတွင်းရှိ အသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဆီလုပ်ငန်းရှင်များအသင်း၊ မဲကင်းကုန်းကျေးရွာအုပ်စု၊ ရွှေစာရံကျေးရွာအုပ်စုတို့မှ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ် အပါအဝင် ရေဘေးသင့်မြို့နယ်များသို့ နေ့လယ်စာ ထမင်းဘူး ၃၂၀၀ ဘူး (ကြက်သားကြော်၊ ငါးကြော်၊ ငရုတ်သီးကြော်၊ အချဉ်သုပ်)၊ ညနေစာ ထမင်းဘူး ၉၀၀ ဘူး (ကြက်ဥ၊ ငါးပိကြော်၊ အချဉ်သုပ်)၊ 500ml ရေသန့် ၅၀)ကတ်တို့အား စက်တင်ဘာ ၁၄ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၉၅)





## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကန့်ဘလူ စက်တင်ဘာ ၁၇**

၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်သည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အိုဇုန်းလွှာနှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းကာ စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ကန့်ဘလူမြို့မဈေး၌ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်တွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ၊ အိုဇုန်းလွှာပျက်စီးမှုကြောင့် လူနှင့်သက်ရှိများ၊ ပတ်ဝန်းကျင်အပေါ်ထိခိုက်နိုင်မှု၊ အိုဇုန်းလွှာနှင့် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၊ အအေးပေးဒြပ်စွည်းများ အဆင့်ဆင့်ပြောင်းလဲသုံးစွဲလာခြင်း၊ အိုဇုန်းလွှာထိခိုက်ပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးသက်ရောက်မှုများကို ကာကွယ်ရန်နည်းလမ်းများ၊ အိုဇုန်းလွှာပျက်စီးရခြင်းအကြောင်းအရင်းများ စသည့်အကြောင်းအရာများ ပါဝင်ပြီး အိုဇုန်းလွှာနှင့်ပတ်သက်၍ အသိပညာပြန့်ပွားရေး အထောက်အကူပြုစေရန်၊ ပြည်သူများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုတိုက်ဖျက်ရေး လှုပ်ရှားမှုများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၄၈၀)

## ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေး ဟောပြော

**မင်းလှ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ မိုးရာသီတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကွက်သစ်ရပ်ကွက်၊ ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ဇင်မာဝင်းနှင့် ဆရာမများက မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရောဂါကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများ၊ ရောဂါကူးစက်နိုင်သည့်နည်းလမ်းများ၊ ရောဂါလက္ခဏာများ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုမခံယူပါက လျင်မြန်စွာ အသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သော ကုသမှုခံယူကြရန်တို့အား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)**



## အရိပ်ရသစ်ပင်စိုက်ပျိုးထားရှိ ရှင်သန်နေမှုများကြည့်ရှုစစ်ဆေး

**ညောင်ဦး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများသည် စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက ညောင်ဦးမြို့နယ် လမ်းဘေး ဝဲ၊ ယာစိုက်ပျိုးထားရှိသည့် အရိပ်ရအပင်များ စိုက်ပျိုးရှင်သန်နေမှုတို့အား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ညောင်ဦးမြို့နယ် ကုန်းတန်းကြီးကျေးရွာ၊ အရှေ့ဖွားစောကျေးရွာနှင့် မင်းနန်သူကျေးရွာ အဝင်လမ်းနှင့် ရွာစည်းရိုးတို့တွင် စိုက်ပျိုးထားသည့် ထန်း၊ မန်ကျည်း၊ တမာ၊ ကုက္ကိုပင်များ စိုက်ပျိုးထားရှိ ရှင်သန်နေမှုတို့အား ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့်အတူ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)၊ မြေစာရင်းဦးစီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန သစ်တောဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများဖြင့် စိုက်ပျိုးထားသည့် လမ်းဘေးဝဲ၊ ယာ အရိပ်ရသစ်ပင်များ ရှင်သန်မှုအခြေအနေတို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (၄၈၁)

သစ်ပင်စိုက်ပါ ကိုကမ္ဘာ သာယာလှပ စိမ်းမြမြ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ စောင့်ရှောက်ရေးသည် နိုင်ငံ့အရေးပင်ဖြစ်ပြီး နိုင်ငံ့အရေးနှင့် ပတ်သက်၍ နိုင်ငံတော်တွင်ရှိသည့် နိုင်ငံသားတိုင်းတွင် တာဝန်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှ အဖွဲ့ဝင်များအားတွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## ရေဘေးသင့်ဒေသများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၇

The ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Centre) မှ ရေဘေးသင့်ဒေသများအတွက် လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများသည် ထိုင်းနိုင်ငံ Disaster Emergency Logistics System for ASEAN (DELSA) Warehouse မှတစ်ဆင့် မြန်မာအမျိုးသားလေကြောင်းလိုင်း MNA UB-2020 လေယာဉ်ဖြင့် ယနေ့နံနက် ၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။ စာမျက်နှာ ၅ သို့ ❖

The ASEAN Coordinating Centre for Humanitarian Assistance on Disaster Management(AHA Centre)က ရေဘေးသင့်ဒေသများအတွက် လှူဒါန်းသည့် ကယ်ဆယ်ရေး ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။




## မန္တလေးမြို့တော်ညနေဈေး ရေဘေးအလှူ အထူးဈေးရောင်းပွဲတော် စတင်ဖွင့်လှစ်ရောင်းချ

မန္တလေးမြို့၏ အထင်ကရ လည်ပတ်စရာများထဲက မြို့တော်ညနေဈေးမှာ ရေဘေးအလှူ အထူး ဈေးရောင်းပွဲတော်ကြီးကို စက် တင်ဘာ ၁၇ ရက် မှ ၃၀ ရက်ထိ သီတင်းနှစ်ပတ်တာစည်ကား သိုက်မြိုက်စွာ စတင်ရောင်းချ လျက်ရှိသည်။

အထူးဈေးရောင်းပွဲတော် ကာလအတွင်း ရရှိလာသည့် ဆိုင်ခန်းခများနှင့် အလှူငွေများ စုပေါင်းပြီး မန္တလေးတိုင်းဒေသကြီး ရေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ လှူဒါန်းသွားမှာဖြစ်ကြောင်း၊ အထူးဈေးရောင်းပွဲတော် အထိမ်းအမှတ်အဖြစ် ဈေးပွဲတော်လာ ပြည်သူများကို ဗလာမပါ ကံစမ်းမဲများကို ဈေးဖွင့်ချိန် ညနေ ၅ နာရီမှ ဗလာမပါ ကံစမ်းမဲများ ဖွင့်ဖောက်ပေးခဲ့ပြီး ဈေးပွဲတော်ပိတ်ချိန် ည ၉ နာရီထိ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေပေးခဲ့ကြောင်း၊ မြို့တော်ညနေဈေးလာ ပြည်သူများကို ညဈေးရောင်းချသည့် ဈေးဆိုင်ခန်းများမှ စားသောက်ဖွယ်ရာပွဲများ၊ အဝတ်အထည်များကို လက်ဆောင်ပေးခဲ့ကြောင်း ညနေဈေးတာဝန်ခံက မန္တလေးနေ့စဉ်သို့ ပြောသည်။

"ဒီနေ့ကနေ လကုန်ထိ ရရှိလာမယ့် ဈေးဆိုင်ခန်းခများကို မန္တလေးတိုင်းဒေသကြီး အတွင်းက ရေဘေးသင့်ဒေသများက ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များမှာ လှူဒါန်းသွားမှာပါ။ မြို့တော်ညဈေးမှာ အထူးဈေးရောင်းပွဲတော် အထိမ်းအမှတ်အဖြစ် လာရောက်ကြတဲ့ မြို့တော်သူ မြို့တော်သားများကို ဈေးဆိုင်ခန်းများက သူတို့ရောင်းချတဲ့ စားသောက်ဖွယ်ရာများနဲ့ အဝတ်အထည်များကို လက်ဆောင်ပေးအပ်ခဲ့သလို တေးသီချင်းများနဲ့လည်း ဧည့်ခံဖျော်ဖြေပေး ခဲ့တာပါ။ မြို့တော်ညနေဈေးကို မွန်းလွဲ ၂ နာရီ ကနေ ည ၉နာရီအထိ နေ့စဉ် ဖွင့်လှစ်ရောင်းချပေးသွားမှာ ပါ"ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တော် ညနေဈေးကို ၆၂လမ်း၊ ၃၉လမ်းနှင့် ၄၁

စာမျက်နှာ ၁၂ သို့ ➤



## မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် AFC Futsal Level 3 Coaching Certificate Course 2024 ဖွင့်လှစ်

AFC Futsal Level 3 Coaching Certificate Course 2024 သင်တန်းကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ဖွင့်လှစ်နေပြီ ဖြစ်သည်။

သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းသော်၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးစည်သူဝင်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ AFC မှ သင်တန်းနည်းပြဆရာ Mr. Lee Young Jin နှင့် နည်းပြဆရာများ၊ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းကို စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်ထိ ရန်ကုန်မြို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ဖွင့်လှစ်ရာ သင်တန်းသူ၊ သင်တန်းသား ၂၀ ဦး တက်ရောက်လျက်ရှိသည်။ Futsal Level 3 Coaching Certificate သည် လက်ရွေးစင်အသင်းများကို နည်းပြနိုင်သည့် AFC အသိအမှတ်ပြု လက်မှတ်လည်း ဖြစ်သည်။

(NGB)

0-0-0-0-0